# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၂)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၉.၁၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
## ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပတ်သက်လို့ ဖတ်ကြားတင်ပြပါမယ်။

ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ဒေသဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရန်၊ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ကရင်နှစ်သစ်ကူး အခမ်းအနားကိစ္စ၊ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကရင်နှစ်သစ်ကူး အခမ်းအနားကိစ္စ၊ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကျန်းမာရေး ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု
## အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၆)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၂၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ပြည်ထဲရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၏ တိုင်းရုံးများအား စစ်ကိုင်းမြို့သို့ ပြန်လည်ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝင်းတင့် က စစ်ကိုင်းတိုင်းဒေသကြီး၏ တိုင်းရုံးများအား စစ်ကိုင်းမြို့သို့ ပြန်လည်ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးဝင်းတင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒအမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် မေးခွန်းမေးမှာကတော့ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရုံးများအား စစ်ကိုင်းမြို့သို့ ပြန်လည်ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရုံးများကို မုံရွာမြို့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရလက်ထက်မှာ ဒေသဆိုင်ရာ စစ်တိုင်းမှူးများမှ အုပ်ချုပ်ရေး စနစ်အရ စစ်ကိုင်းမြို့ရှိ တိုင်းအဆင့် ဌာနဆိုင်ရာရုံးများအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တည်ရှိရာ မုံရွာမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါတယ်။

ယင်းကိစ္စနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၈ ရက်စွဲဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ရှိ ဒေသခံပြည်သူများ(၂၁၄၂)ဦး၏ကိုယ်စား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ နိုင်ငံတော်သမ္မတကြီးထံ တင်ပြခဲ့ပြီးဖြစ်ပါတယ်။

စစ်ကိုင်းမြို့တွင် တိုင်းအဆင့် ဌာနဆိုင်ရာ အဆောက်အဦးများရှိပြီးဖြစ်သည့်အပြင် လမ်းပန်းဆက်သွယ်မှုအရလည်း အဆင်ပြေချောမွေ့ပြီး ဖြစ်ပါတယ်။ တိုင်းရုံးများ ပြောင်းရွှေ့ ခြင်းခံရသော တနင်္သာရီတိုင်းမှာရှိတဲ့ ထားဝယ်မြို့နှင့် ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ ပဲခူးမြို့တို့မှာ ၂၀၁၁ ခုနှစ်၊ နှစ်ဆန်းပိုင်းက တိုင်းရုံးများကို ပြန်လည်ရရှိခဲ့သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး

တိုင်းရင်းများသည် စစ်ကိုင်းမြို့သို့ ပြန်လည်ပြောင်းရွှေ့နိုင်ခြင်း မရှိသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးရှိ တိုင်းရုံးများအား စစ်ကိုင်းမြို့သို့ မည်သည့်အချိန်တွင် ပြန်လည်ပြောင်းရွှေ့ပေးနိုင်ခြင်း ရှိ/မရှိ ဒေသခံပြည်သူများ၏ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ထံမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့ကို အာရှအဝေးပြေးလမ်းမကြီး လမ်းကွန်ယက် စီးပွားရေးလမ်းကြောင်းပေါ် ကျရောက်သည့် မြို့များ၏ မြို့ပြအခြေခံအဆောက်အအုံ ဖြည့်ဆည်းပေးရေးနှင့် နောင်တိုးပွားလာမည့် လူဦးရေကို မျှော်မှန်း၍ နှစ်အပိုင်းအခြားအလိုက် မြို့တိုးချဲ့ရန် မြို့ပြစီမံကိန်း (Town Plan) ရေးဆွဲ ထားခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးအောင်မြင့်သိန်း က ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့ကို အာရှအဝေးပြေးလမ်းမကြီး လမ်းကွန်ယက် စီးပွားရေးလမ်းကြောင်းပေါ် ကျရောက်သည့် မြို့များ၏ မြို့ပြအခြေခံအဆောက်အအုံ ဖြည့်ဆည်းပေးရေးနှင့် နောင်တိုးပွားလာမည့် လူဦးရေကို မျှော်မှန်း၍ နှစ်အပိုင်းအခြားအလိုက် မြို့တိုးချဲ့ရန် မြို့ပြစီမံကိန်း (Town Plan) ရေးဆွဲထားခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ကြိုတင်ခွင့်ပြုချက်အရ ဒီကနေ့ မေးမြန်းမယ့် မေးခွန်းကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့ကို အာရှအဝေးပြေးလမ်းမကြီး၊ လမ်းကွန်ယက်၊ စီးပွားရေးလမ်းကြောင်းပေါ် ကျရောက်သည့် မြို့ကြီးများရဲ့ မြို့ပြအခြေခံအဆောက်အအုံ ဖြည့်ဆည်းပေးရေးနှင့် နောင် တိုးပွား

လာမည့် လူဦးရေကိုမျှော်မှန်း၍ နှစ်အပိုင်းအခြားအလိုက် မြို့တိုးချဲ့ရန် မြို့ပြစီမံကိန်း (Town Plan) ရေးဆွဲထားခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့ကြီးဟာ ခရိုင်ရုံးစိုက်သည့် မြို့ကြီးတစ်မြို့ဖြစ်ပြီး စုစုပေါင်း ဧရိယာစတုရန်းမိုင်(၃.၄၈)ရှိ၍ ဧကအားဖြင့်(၂၂၂၇)ဧက ရှိပါတယ်။ မြောက်မှတောင်သို့ (၁.၇၅)မိုင်၊ အရှေ့မှအနောက်သို့ (၂.၅)မိုင်ရှိပြီး တောင်ကုန်းငယ်များ ဝန်းရံထားသော မြေပြန့်လွင်ပြင်မြို့ တစ်မြို့ဖြစ်ပါတယ်။ မြဝတီ-ကော့ကရိတ်-ဘားအံ-ရန်ကုန် ကုန်သွယ်ရေးမဟာဗျူဟာလမ်းကြောင်း ကြီးနှင့်အပြိုင် မြန်မာ-ထိုင်း ချစ်ကြည်ရေးအမှတ်(၂) တံတားကြီးတစ်စင်းနှင့် သဃ်န်းညီနောင်မှ ကော့ကရိတ်အထိ ကွင်းကလေး-တတန်ကူးလမ်း(၁၈)မိုင်ကိုလည်း ထိုင်းနိုင်ငံ အစီအစဉ်နဲ့ (၃)နှစ်အတွင်း ပြီးစီးအောင် ဖောက်လုပ်တော့မှာဖြစ်ပါတယ်။

စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံတို့က ရေလမ်းကြောင်းခရီးနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံကို ကုန်သွယ်လျက်ရှိရာ ရန်ကုန်ဆိပ်ကမ်းမှာ ဒီရေအတက်အကျ စောင့်ကြည့်ရခြင်း၊ ဆိပ်ကမ်း၏ ခံနိုင်ဝန်အားကို စောင့်ရခြင်းများနှင့် ရက်တွေကြာနေကြောင်း သိရှိရပါတယ်။ ဒါကြောင့် စင်ကာပူနဲ့ ဂျပန်နိုင်ငံတို့က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှတစ်ဆင့် ကုန်းလမ်းခရီးဖြင့် မြန်မာနိုင်ငံ အတွင်းသို့ မြဝတီ - ကော့ကရိတ် - ဘားအံ - ရန်ကုန် အာရှအဝေးပြေးလမ်းသစ်ကြီးအတိုင်း ကုန်သွယ်မယ်ဆိုလို့ရှိရင် အနည်းဆုံး (၁၆)နာရီနဲ့ (၁၈)နာရီလောက် ခရီးတိုသွားမယ်လို့ ခန့်မှန်း ထားကြောင်း လေ့လာသိရှိရပါတယ်။

သို့ဖြစ်ပါ၍ အာရှအဝေးပြေးလမ်းသစ်ကြီး ပေါ်လာသည့်အခါမှာ ကျွန်တော်တို့ လမ်းသစ်ကြီးဟာ ကုန်သွယ်မှု Function ဖြစ်လာမှာ အသေအချာပဲ ဖြစ်ပါတယ်။ စီးပွားရေး ကုန်သွယ်မှု အဓိကလမ်းကြောင်းပေါ် ကျရောက်တဲ့မြို့များကို လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး အဆင့်မြင့်တင်ဆောင်ရွက်ပေးရန်၊ မြို့များကိုလည်း မြို့အင်္ဂါရပ်နှင့်အညီ၊ ညီညွတ်စွာ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ မြို့ပြအခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရန် လိုအပ်နေပြီဖြစ်ပါတယ်။

ဒါကြောင့် ကော့ကရိတ်မြို့ကြီးရဲ့ တောင်ဘက်ခြမ်းမှာ အာရှလမ်းမကြီးနဲ့ တစ်ဆက် တစ်စပ်တည်းဖြစ်တဲ့နေရာမျိုးမှာ သဘာဝရှုခင်းကောင်းသော ဒေါနတောင်တန်း၊ တောင်စွယ်နေရာ မျိုးမှာ ဟိုတယ်ဇုန်သတ်မှတ်ခြင်း၊ ဒေသထွက်ကုန်များဖြစ်တဲ့ ဒူးရင်းသီး၊ မင်းဂွတ်သီး၊ ကွမ်းသီး၊

ရာဘာ၊ ဖာလာ စတဲ့ ထွက်ကုန်များရောင်းဝယ်ရာ စီးပွားရေးဇုန်များ သတ်မှတ်ခြင်း၊ ကုန်သွယ်မှု လုပ်ငန်းများ တိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ ဘဏ်များ၊ လုပ်ငန်းများနှင့် Shopping Mall များလည်းလိုအပ်မှာဖြစ်ပါတယ်။

ဒါ့အပြင် ကုန်တင်ကားကြီးများနှင့် ခရီးသည်တင်ယာဉ်များ ဆိုက်ရောက်ရပ်နားနိုင်ရန်၊ အဝေးပြေးယာဉ်များ ရပ်နားနိုင်ရန်၊ အဆင်ပြေစွာ ညအိပ်ရပ်နားနိုင်ရန်အတွက်လည်း အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် တည်းခိုခန်းများ၊ ဈေးဆိုင်ခန်းများလည်း လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလို လိုအပ်တဲ့အတွက်လည်း ပညာရှင်များနှင့် ပေါင်းစပ်ပြီးတော့ Town Plan ကို ရေးဆွဲထားဖို့ သင့်နေပါပြီဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကော့ကရိတ်မြို့ကြီးဟာ အာရှအဝေးပြေးလမ်းမသစ်ကြီး ဖြတ်သွားရာ လမ်းမြို့တစ်မြို့ဖြစ်သည့်အတွက်ကြောင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လိုက်လျောမှုရှိစေရန်၊ လမ်း၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေး၊ အမှိုက်စွန့်ပစ်တဲ့စနစ်၊ ဒေသလုံခြုံရေး၊ ဒေသတာဝရငြိမ်းချမ်းရေးကို ရည်မှန်းပြီးတော့ တိုးတက်လာမည့် လူဦးရေအပေါ် မူတည်ပြီး မြို့ပြလူနေမှုဇုန်များ၊ စီးပွားရေးဇုန်များ၊ ဟိုတယ်ဇုန်များ၊ အဝေးပြေးယာဉ်ရပ်နားစခန်း၊ ဘဏ်များ စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်တဲ့အတွက်ကြောင့် အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

(က) ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့ကို အာရှအဝေးပြေး လမ်းမကြီး လမ်းကွန်ယက်၊ စီးပွားရေးလမ်းကြောင်းပေါ် ကျရောက်သည့် မြို့ကြီးများရဲ့ မြို့ပြအခြေခံ အဆောက်အအုံ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။

(ခ) နောင်တိုးပွားလာမည့် လူဦးရေကို မျှော်မှန်း၍ နှစ်အပိုင်းအခြားအလိုက် မြို့တိုးချဲ့ရန် မြို့ပြစီမံကိန်း (Town Plan) ရေးဆွဲထားခြင်း ရှိ/မရှိ။

(ဂ) အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့သော အကူအညီနည်းလမ်းများဖြင့် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ၏ကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၆။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့် ရဲ့ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ တိုင်းရုံးများကို စစ်ကိုင်းမြို့သို့ မည်သည့်အချိန်တွင် ပြောင်းရွှေ့ပေးနိုင်ခြင်း ရှိ/မရှိ သိလိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ကပဲ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးဟာ အကျယ်အဝန်းအားဖြင့် (၃၆၁၇၈.၇၂၂၈) စတုရန်းမိုင်ကျယ်ဝန်းပြီးတော့ ခရိုင်(၈)ခု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၁)ခု၊ မြို့နယ်(၃၇) မြို့နယ်၊ မြို့နယ်ခွဲ(၈)ခုနဲ့ ဖွဲ့စည်းထားရှိပါတယ်။ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလမှာ စစ်ကိုင်းတိုင်း ဒေသကြီး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာရုံးများကို စစ်ကိုင်းမြို့မှ မုံရွာမြို့သို့ ပြောင်းရွှေ့ရေး အတွက်ကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ နောက် စစ်ကိုင်းတိုင်း၊ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကနေပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စီစဉ်ညှိနှိုင်းပြီးတော့ တိုင်းရုံးများ ပြောင်းရွှေ့ဖွင့်လှစ်နိုင် ရေးအတွက် မုံရွာမြို့၊ မြို့ပြစီမံကိန်းရေးဆွဲရာမှာ နန္ဒဝန်မြို့ကွက်သစ်ကို ဖော်ထုတ်ပြီး ဆောင်ရွက် ခဲ့ပြီး ဖြစ်ပါသည်။ ဝန်ကြီးဌာနအသီးသီးမှ တိုင်းအဆင့်ရုံးများအတွက် နန္ဒဝန်ရပ်ကွက်သစ် ဖော်ထုတ်ရာမှာ (၁၇၁.၁၃၁)ဧကကို မြေနေရာများ သတ်မှတ်ချထား ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စစ်ကိုင်းတိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးကို ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့က စတင်ပြီးတော့ ယခင်မုံရွာ ခရိုင်ဝန်ရုံးဟောင်းနေရာမှာ ရှေ့တန်းရုံးအဖြစ် ယာယီပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့ကစပြီးတော့ အမြဲတမ်းပြောင်းရွှေ့ဖွင့်လှစ်ပြီး အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတာဝန် များကို ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းအဆင့်ဌာနဆိုင်ရာများမှလည်း မုံရွာမြို့မှာ ရုံးဖွင့်လှစ် နိုင်ဖို့အတွက်ကို နိုင်ငံတော်ကို ခွင့်ပြုဘဏ္ဍာငွေရန်ပုံငွေများ တင်ပြတောင်းခံပြီး ရုံးအဆောက်အဦ များကို တစ်ပြိုင်တည်း ဆောက်လုပ်ခဲ့ပါသည်။ မုံရွာမြို့မှာပဲ Town Plan ကို ပြင်ဆင်ရေးဆွဲပြီး တိုင်းအဆင့်ရုံးများနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့အသစ်အတွက်ကို ရုံးအဆောက်အဦ၊ ဝန်ကြီး အိမ်ရာများကို ဆောက်လုပ်ပေးခဲ့ပြီးလည်း ဖြစ်ပါသည်။

မုံရွာမြို့မှာ မြို့မရပ်ကွက်(၂၆)ခု၊ အိမ်ခြေ(၃၁၀၉၂)အိမ်၊ လူဦးရေ(၁၅၉၇၃၃)ဦးရှိပြီး ၂၀၁၂ ခုနှစ်မှာ ထပ်မံရေးဆွဲခဲ့တဲ့ အနာဂတ် မြို့ပြစီမံကိန်းနဲ့ နောက်(၅)နှစ်အတွက်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအပိုင်းမှာ မုံရွာမြို့ဟာ ခရိုင်(၈)ခုနဲ့ ကားလမ်း၊ မီးရထားလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းတို့နဲ့ ကွန်ယက်သဖွယ် ဆက်စပ်ထားတဲ့အတွက် အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ အိန္ဒိယ၊ တရုတ်၊ မြန်မာ (၃)နိုင်ငံလမ်းကြောင်းပေါ်မှာ တည်ရှိနေတာဖြစ်ပါတယ်။ ဒါ့အပြင် မုံရွာမြို့ဟာ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်များကို မော်တော်ကားလမ်း၊ ဧရာဝတီတိုင်း ဒေသကြီးကို မုံရွာ-ပုသိမ်လမ်းနဲ့ ချင်းပြည်နယ်ကို မုံရွာ-ဂန့်ဂေါ-ဟားခါးလမ်း တို့နဲ့ ဆက်သွယ် ထားရှိပါတယ်။

စစ်ကိုင်းမြို့မှာ မြို့မရပ်ကွက်(၁၈)ခု၊ အိမ်ခြေ(၁၁၇၃၃)အိမ်နဲ့ လူဦးရေ(၆၂၃၈၅)ဦး ရှိပါသည်။ တပ်မတော်အစိုးရလက်ထက် မတိုင်မီကာလမှာ တိုင်းဒေသကြီးရုံးပေါင်း(၃၆)ရုံးကို ဖွင့်လှစ်ထားရှိခဲ့ပေမယ့်လည်း အချို့က အငှားအဆောက်အဦများနဲ့ ဖွင့်လှစ်ထားရှိခြင်း၊ အချို့က စုပေါင်းပြီး အုပ်ချုပ်ရေးရုံးများကို တွဲဖက်ဖွင့်လှစ်ထားခြင်းများနဲ့ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရ ပါတယ်။ စစ်ကိုင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို စစ်ကိုင်းပညာရေးကောလိပ်ကို အဆင့်မြှင့် တင်ခြင်း၊ ခုတင်(၂၀၀)ဆံ့ဆေးရုံတိုးချဲ့ တည်ဆောက်အဆင့်မြှင့်တင်ခြင်းတွေကြောင့် ယခင် တိုင်း အဆင့် ဌာနဆိုင်ရာရုံး၊ အဆောက်အဦများကို လွှဲပြောင်းပေးခဲ့ရတဲ့အတွက် ယခုအချိန်တွင်

လက်ကျန် အဆောက်အဦတွေက ခရိုင်အဆင့်၊ မြို့နယ်အဆင့်ရုံးများသာ ကျန်ရှိနေပါတယ်။ ယခင်အစိုးရလက်ထက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ကို တိုင်းဒေသကြီးရုံးစိုက်ရာ မြို့အဖြစ် သတ်မှတ်ဖို့ လိုအပ်သလိုဆောင်ရွက်သွားရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ ညွှန်ကြားခဲ့ပါတယ်။

ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထံမှ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးရုံး၊ အဆောက်အဦများ၊ ဆောက်လုပ်ဆဲ အစိုးရအဖွဲ့ဝန်ကြီးအိမ်ရာများနှင့်အတူ မုံရွာမြို့ကို တိုင်းရုံး စိုက်တဲ့ အုပ်ချုပ်ရေးမြို့အဖြစ် လွှဲပြောင်းလက်ခံရရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ မုံရွာမြို့က နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ကျန်းမာရေးနဲ့ လူမှုရေးကဏ္ဍအသီးသီး ဆောင်ရွက်ရာမှာ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရိုင်၊ မြို့နယ်အားလုံးနှင့် ဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အချက်အချာကျတဲ့ နေရာမှာတည်ရှိခြင်း၊ စီမံခန့်ခွဲမှုအရ လျင်မြန် လွယ်ကူစွာ လွှမ်းခြုံနိုင်ခြင်းတို့ကြောင့် မုံရွာမြို့မှ စစ်ကိုင်းမြို့သို့ တိုင်းအုပ်ချုပ်ရေးရုံးများ ပြောင်းရွှေ့ရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကရင်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း ရဲ့ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့ကို အာရှအဝေးပြေး လမ်းမကြီး လမ်းကွန်ယက် စီးပွားရေးလမ်းကြောင်းပေါ်ကျရောက်တဲ့ မြို့များရဲ့ မြို့ပြအခြေခံ အဆောက်အအုံ ဖြည့်ဆည်းပေးရေးနှင့် နောင်တိုးပွားလာမည့် လူဦးရေကို မျှော်မှန်း၍ နှစ်အပိုင်းအခြားအလိုက် မြို့တိုးချဲ့ရန် မြို့ပြစီမံကိန်း (Town Plan) ရေးဆွဲထားခြင်း ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်၍လည်း ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဘားအံမြို့ပြစီမံကိန်း ရေးဆွဲရေးအတွက်ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ မှာ ကရင်ပြည်နယ်၊ ဘားအံမြို့ပြစီမံကိန်း ရေးဆွဲရေးကော်မတီကို ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး၊ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ် ပါဝင်တဲ့ အဖွဲ့ဝင်(၁၇)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ထားရှိပါတယ်။ အဆိုပါ ဘားအံမြို့ပြစီမံကိန်းရေးဆွဲရေးအတွက်ကို ၂၀၁၂ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်တဲ့အဖွဲ့နဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များပါဝင်တဲ့အဖွဲ့ဟာ ပြည်နယ်အစိုးရ အဖွဲ့ရုံး၊ အစည်းအဝေးခန်းမမှာ မြို့ပြစီမံကိန်းရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြ

ပါတယ်။ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှာ ပြည်နယ်ဝန်ကြီးချုပ်၊ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများ၊ မြို့ပြစီမံကိန်းအကြံပေးပညာရှင်အဖွဲ့နဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများအဖွဲ့ဟာ ဘားအံ စက်မှုဇုန်နှင့် သံလွင်ဆိပ်ကမ်း၊ ဘားအံ-ကော့ကရိတ်လမ်းတစ်လျှောက် မွေးမြူရေးဇုန်၊ အဝေးပြေး ယာဉ်ရပ်နားစခန်း၊ ကြာအင်းတောင် ပတ်ဝန်းကျင်အခြေအနေ၊ အမှိုက်စွန့်ပစ်ရာ ထန်းကိုးပင် သုသာန်နေရာ၊ အဝေးပြေးယာဉ်ရပ်နားစခန်း(အဟောင်း)နေရာ၊ ဘားအံမြို့မဈေး၊ ဗားမဲ့တောင်၊ မိုးရာသီ ရေကြီးနစ်မြုပ်တဲ့နေရာ၊ ရွှေရင်မျှော်ဘုရားပတ်ဝန်းကျင်နဲ့ ကမ်းနားတစ်လျှောက်ကို အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပါတယ်။

ဆက်လက်ပြီး ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ မြို့ပြစီမံကိန်းရေးဆွဲရေးအလုပ်ရုံ ဆွေးနွေးပွဲကို ဘားအံမြို့ ဇွဲကပင်ခန်းမမှာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်တဲ့ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့မိမြို့ဖများ၊ စိတ်ပါဝင်စားတဲ့သူများဖြင့် ဘားအံမြို့ပြစီမံကိန်းရေးဆွဲရေးနဲ့ ပတ်သက်ပြီး ကွင်းဆင်း စစ်ဆေးချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးမှုများကိုလည်း ပြုလုပ်ခဲ့ကြပါတယ်။

ဘားအံမြို့ပြစီမံကိန်းရေးဆွဲရာမှာ အထောက်အကူပြုနိုင်ရန်အတွက် ဘားအံမြို့ပြ စီမံကိန်းရေးဆွဲရေးကော်မတီမှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ နေပြည်တော်ရဲ့ မြို့ပြဖွံ့ဖြိုးရေး၊ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ များကို ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့ကြပါတယ်။ နောင် တိုးပွားလာမယ့်လူဦးရေ၊ နှစ်အပိုင်းအခြား အလိုက် မြို့တိုးချဲ့ရန် မြို့ပြစီမံကိန်း (Town Plan) တိုးချဲ့ရန်အတွက် ဘားအံမြို့ပြစီမံကိန်းကို ကရင်ပြည်နယ် အစိုးရအဖွဲ့နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး ဌာနတို့ ပူးပေါင်းပြီး ပြင်ပပုဂ္ဂလိကပညာရှင်များ၊ UN Habitat မှ ပညာရှင်များဖြင့် ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ ကရင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ တင်ပြချက်အရ ကရင်ပြည်နယ် အတွင်းမှာရှိတဲ့ အာရှအဝေးပြေးလမ်းမကြီး လမ်းကွန်ရက်စီးပွားရေး လမ်းပေါ်မှာ ကျရောက်တဲ့ ဘားအံမြို့၊ ကော့ကရိတ်မြို့၊ မြဝတီမြို့များကို ကရင်ပြည်နယ် အစိုးရအဖွဲ့အနေနဲ့လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့လည်းကောင်း မြို့များရဲ့ မြို့ပြအခြေခံအဆောက်အအုံများနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါကြောင်း သိရှိရ ပါတယ်။ ဘားအံမြို့ပြစီမံကိန်း ရေးဆွဲပြီးပါကလည်း ရရှိနိုင်တဲ့ ဘဏ္ဍာငွေအခြေအနေပေါ် မူတည်ပြီး မြို့ပြစီမံကိန်းအား စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ် ရှိပါ

ကြောင်းနဲ့ ကော့ကရိတ်မြို့နဲ့ မြဝတီမြို့အား မြို့ပြစီမံကိန်းရေးဆွဲထားနိုင်ခြင်း မရှိသေးပေမယ့် လည်း တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း ကရင်ပြည်နယ် အစိုးရအဖွဲ့မှ တင်ပြလာတဲ့အတွက် လက်ရှိဆောင်ရွက်မှုအခြေအနေအား သိရှိနိုင်ပါရန် ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်း တွေဟာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မန္တလေးမြို့၊ မြနန်းစံကျော် ရွှေနန်းတော်ပြတိုက်ရှိ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ ဓာတ်ပုံနှင့် စာပါ အကြောင်းအရာများလွဲနေသည်ကို ပြန်လည် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က မန္တလေးမြို့၊ မြနန်းစံကျော် ရွှေနန်းတော်ပြတိုက်ရှိ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ ဓာတ်ပုံနှင့် စာပါ အကြောင်းအရာများ လွဲနေသည်ကို ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန် ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးမြို့၊ မြနန်းစံကျော် ရွှေနန်းတော်ပြတိုက်မှာရှိတဲ့ သမိုင်းဝင်ပုဂ္ဂိုလ်များရဲ့ ဓာတ်ပုံနဲ့ စာပါ အကြောင်းအရာများ လွဲနေ သည်ကို မေးမြန်းဖို့ဖြစ်ပါတယ်။

ပထမဦးစွာ ပုံနံပါတ်(၈၂) ဖြစ်ပါတယ်။ ဒီပုံနံပါတ်(၈၂)ကိုတော့ မိုးဗြဲစစ်ကဲကြီး ဦးသာဖူး လို့ ဖော်ပြထားပါတယ်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲမှာ အဝေးဝန်များစာရင်းမှာ မင်းကြီး မဟာမင်းထင်မင်းခေါင် ဘွဲ့ခံတဲ့ မိုးဗြဲတပ်စစ်ကဲ ဦးသာဖူး ဆိုပြီး ရှိခဲ့ပါတယ်။ သို့သော်လည်း ဖော်ပြပါဓာတ်ပုံများကတော့ ဗိုလ်စုများစာရင်းဝင် တောင်(၁၅၀)ဗိုလ် မိုးဗြဲစစ်ကဲတော်ကြီး ဦးကျော်ခေါင် ရဲ့ပုံ ဖြစ်ပါတယ်။ ဓာတ်ပုံမှာဆိုရင် ဒါ ရှေးအခါက မင်းမျိုး မင်းနွယ်နဲ့ မင်းဆွေစိုးမျိုးများရဲ့ ခေါင်းပေါင်းစ ညှာချနေပုံနှင့် လက်သုံးတော်ကြီးများရဲ့ ခေါင်းပေါင်းစ ဘယ်ချပုံကိုလည်း ဗဟုသုတအဖြစ် ရှုမြင်ရမှာဖြစ်ပါတယ်။ မိုးဗြဲစစ်ကဲကြီးရဲ့ ထူးခြားတဲ့ ကောင်းမှု ကတော့ ကုသိုလ်တော်လောကမာရဇိန် ဘုရားအတွင်းမှာ ခရေပင်နဲ့ မယ်စဲပင်တွေကို စိုက်ပျိုး ခဲ့တဲ့အတွက် ယနေ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများက အလေးဂရုပြုရမယ့် ပုဂ္ဂိုလ်ကြီး ဖြစ်တဲ့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဓာတ်ပုံအမှတ်(၈၅) ဖြစ်ပါတယ်။ ဒီ (၈၅)ကိုတော့ တိုင်တားထိပ်ခေါင်တင် (Queen Taingtar Htate Khaungtin) ဆိုပြီး ဖော်ပြထားပါတယ်။ ကုန်းဘောင်မင်းဆက် မဟာရာဇဝင် တော်ကြီး တတိယတွဲမှာတော့ ဆင်ဖြူများရှင်ရဲ့ အပျိုတော်ဆိုပြီးတော့ ဖော်ပြခဲ့ပါတယ်။ တိုင်တား ထိပ်ခေါင်တင် ဖြစ်မယ်ဆိုရင်လည်း ၎င်းဟာ မင်းတုန်းမင်းတရားကြီးရဲ့ သမီးတော်ဖြစ်တဲ့အတွက် Queen အစား Princess ဆိုပြီးတော့ သုံးနှုန်းရမှာ ဖြစ်ပါတယ်။

ဓာတ်ပုံအမှတ်(၈၇) စလင်းမင်းသမီးဆိုပြီး ဖော်ပြထားပါတယ်။ ဖော်ပြပါပုံကတော့ အသက်အရွယ်ကြီးရင့်တဲ့ နန်းတွင်းသူတစ်ဦးသာ ဖြစ်ပါတယ်။ မင်းတုန်းမင်းတရားကြီးနဲ့ လင်ပန်း မိဖုရားတို့ရဲ့ သမီးတော် ပင်တိုင်စံ စလင်းစုဘုရားရဲ့ ဓာတ်ပုံနဲ့ မတူပါဘူး။ မင်းသမီးဟာ အသက် (၃၂)နှစ်အရွယ်မှာ သီလရှင်ဘဝနဲ့ ငယ်ငယ်ရွယ်ရွယ် ကံကုန်တဲ့အတွက် ဒီပုံဟာလည်း လွဲမှားနေ ပါတယ်။ အလားတူ မင်းတရားကြီးမှာ သီလရှင်သမီးတော် သုံးပါးရှိတဲ့အတွက် စလင်းစုဘုရား ဟာလည်း တစ်ပါးအပါအဝင်ဖြစ်ပါတယ်။

ပုံအမှတ်(၈၈) ဖြစ်ပါတယ်။ ဒီပုံကိုတော့ အထိန်းတော် သုကေသာဝတီ ဆိုပြီးတော့ ဖော်ပြထားပါတယ်။ အမှန်ကတော့ ဒီပုံကတော့ မင်းတုန်းမင်းတရားကြီးနဲ့ သရစိမ်းမိဖုရားတို့ရဲ့ သမီးတော် အလတ်ဖြစ်တဲ့ တိုင်ထားထိပ်ခေါင်တင် ငယ်စဉ်အခါက ရိုက်ကူးခဲ့တဲ့ပုံဖြစ်ပါတယ်။ မင်းသမီး ကုလားထိုင်အောက်မှာရှိတဲ့ ရွှေကွမ်းအစ်တို့၊ ရွှေထွေးခံတို့ဆိုတာလည်း မင်းသုံး

မင်းအဆောင်တွေ ဖြစ်ပါတယ်။ မင်းတုန်းမင်းတရားကြီးရဲ့ သားတော် ကောလင်းမင်းသားနဲ့ စုံဖက်ခဲ့ပေမယ့်လည်း အိမ်ထောင်ရှင် အပျိုစင်တစ်ဦးအဖြစ်နဲ့ ရန်ကုန်မြို့ နဝဒေးလမ်းမှာ ကံကုန်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။ အလားတူပဲ မင်းတရားကြီးမှာ သမီးတော်သုံးပါးလုံးဟာ လက်ဆက်ပြီးတော့ အပျိုစင်ဘဝနဲ့ရှိခဲ့တဲ့ သုံးပါးရှိတဲ့အနက် ဒီမင်းသမီးဟာ တစ်ပါးအပါအဝင် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သမိုင်းဝင်ပုဂ္ဂိုလ်များနဲ့ ပုံနှိပ်စာပါ အကြောင်းအရာတွေ လွဲနေသည်ကို သက်ဆိုင်ရာက သိရှိပါသလား။ သိရှိပါက ပြန်လည် ပြင်ဆင်ဖော်ပြပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အောင်လံမြို့နယ်၊ မြေထဲမြို့ဟောင်းအား ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအဖြစ် သတ်မှတ်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးတင်ဝင်း က အောင်လံမြို့နယ်၊ မြေထဲမြို့ဟောင်းအား ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် သတ်မှတ်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်အပေါင်းတို့ ခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။

ကျွန်တော် တင်ပြမေးမြန်းသွားမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့နယ်၊ မိုးဖုံးကျေးရွာအုပ်စုအတွင်းမှ တည်ရှိနေတဲ့ မြေထဲမြို့ဟောင်း သမိုင်းကြောင်း ပြန်လည်ဖော်ထုတ်ရေးနဲ့ နိုင်ငံတော်မှ ရှေးဟောင်းနယ်မြေအဖြစ် သတ်မှတ် ဖော်ထုတ်ပေးရေးနဲ့ ပတ်သက်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။ မြန်မာအစ တကောင်းက ဟူသော မြန်မာတို့ရဲ့ ဆိုရိုးစကားနှင့်အညီ တကောင်းမှသည် သရေခေတ္တရာခေတ်သို့တိုင်အောင် အဆက်ဆက် ပြောင်းလဲခဲ့ရာမှာ မြို့ပြပြည်ရွာများ အသီးသီး ဖြစ်ထွန်းခဲ့ကြပါတယ်။ ယင်းသို့ ဖြစ်ထွန်းခဲ့ရာမှာ မြေထဲမြို့လည်း

အပါအဝင်ဖြစ်ခဲ့ပါတယ်။ ရှေးဟောင်းရာဇဝင် အနည်းငယ် တင်ပြရရင် (၁၇)ဆက်မြောက် သတိုးမင်းကြီး၏ မိဖုရားကြီး ကိန္နရာဒေဝီတွင် သားတော် မဟာသမ္ဘဝ၊ စူဠသမ္ဘဝ မျက်မမြင် သားနှစ်ပါးတို့ကို ဖွားမြင်ခဲ့ပါတယ်။ မင်းကြီးက မျက်မမြင်သားတော်များဖြစ်၍ ကွပ်မျက်ရန် အမိန့်ပေးခဲ့တဲ့အတွက် မိဖုရားကြီးက သားတော်များအား အသက်ချမ်းသာရစေရန် ဖောင်ပေါ် တင်၍ ဧရာဝတီမြစ်အတိုင်း မျှောလိုက်ပါတယ်။ မင်းသားတို့ မျက်စိနှစ်ကွင်း အလင်းရသည့် အခါ မိုးကောင်းကင်သည်ကား အဖုံးနှင့်တူပြီး မြေကား အထဲရောက်သည့်သဏ္ဍာန်ကို မြင်ရတဲ့ အတွက် မိုးကားအဖုံး မြေကားအထဲဟု ဆိုတဲ့ အရပ်ကို မိုးဖုံးမြေထဲဟု ယခုတိုင် အမည်တွင် လျက်ရှိနေပါကြောင်း တင်ပြလိုပါတယ်။

တွင်းသင်းရာဇဝင်နဲ့ ဦးကုလားမဟာရာဇဝင် ပထမစာအုပ်တွင် အခိုင်အမာ ဖော်ပြ ထားတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ၎င်းအပြင် မြေထဲမြို့ဟာ ၁၀၀၃ ခုနှစ်ခန့်က သမုန္ဒရီမင်း တည်ဆောက်ခဲ့တဲ့ ခိုင်ခန့်သော ခံတပ်ကြီးကြောင့် အလွန်ထင်ရှားခဲ့ကြောင်း၊ မြန်မာ့စွယ်စုံကျမ်း အတွဲ-၁၅၊ စာမျက်နှာ(၂၉၉)တွင် ဖော်ပြထားကြောင်း တွေ့ရှိရပါတယ်။ မြို့ပြ (၂၂)မြို့အနက် မြေထဲမြို့ဟာ တစ်မြို့အပါအဝင်ဖြစ်ကြောင်း၊ ဦးကုလားမဟာရာဇဝင် စာမျက်နှာ(၂၆၈)မှာ ဖော်ပြ ထားတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ မူလ မြေထဲမြို့နေရာတွင်ကား ယခုအခါ လူနေ အိမ်ခြေ နည်းပါးသွားခြင်း၊ အခြေအနေအရပ်ရပ်ကြောင့် ရေကြည်ရာ မြက်နုရာသို့ ပြောင်းရွှေ့ သွားခြင်းတို့ကြောင့် မြို့အနေအထား တိမ်ကောသွားရာ ယခုအချိန်မှာ မြေသားဖုံးနေသော မြို့ရိုးပျက်များ၊ ပျက်သုဉ်းနေသော ကျောင်းကန်ဘုရားများ၊ မြို့ဝန်မင်းနေထိုင်ခဲ့သော အိမ်နေရာ အဟောင်းအပျက်များ၊ ကျုံးများ အစရှိသဖြင့်တို့ ကျန်ရှိနေပါတော့တယ်။

အထက်ဖော်ပြပါ အထောက်အထားများအရလည်းကောင်း၊ သမိုင်းအထောက်အထား များအရလည်းကောင်း၊ မြေထဲမြို့ဟောင်းဟာ ပုဂံမြို့ဟောင်းထက်(၄၁)နှစ်ခန့်စော၍ ပေါ်ပေါက် ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ တည်ရှိရာအရပ်ဒေသနဲ့ အဆောက်အဦ စေတီပုထိုးများဟာ ခိုင်မာတိကျမှန်ကန်သော သမိုင်းအထောက်အထားများဖြစ်တဲ့အတွက် လွန်ခဲ့တဲ့နှစ်ပေါင်း(၁၀၀၀) နီးပါးခန့်က အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားခဲ့သော ယဉ်ကျေးမှုနယ်မြေတစ်ခု ဖြစ်ကြောင်း ပေါ်လွင်ပါတယ်။ ဒေသခံ အစီအစဉ်များအနေနဲ့ ထိန်းသိမ်းရန် မလွယ်ကူပါ။ နိုင်ငံတော် အဆင့်မှ ဦးဆောင်ဖော်ထုတ်၍ ထိန်းသိမ်းပေးမှသာလျှင် ရေရှည်တည်တံ့ခိုင်မြဲနိုင်မှာ ဖြစ်ပါတယ်။

ရှေးဘုရင်များလက်ထက်မှစ၍ မြေထဲမြို့မှသည် အာလံ၊ အာလံမြို့မှသည် အောင်လံ၊ အောင်လံမြို့မှသည် မြေထဲ၊ မြေထဲမြို့မှသည် အောင်လံ အဆင့်ဆင့် နိုင်ငံတော်အကြီးအကဲများက အမည်နာမများ ပြောင်းလဲ၍ ပေးခဲ့သော ဒေသဖြစ်တဲ့အတွက် နိုင်ငံတော်မှ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် ဖော်ထုတ်ပြီး ထိန်းသိမ်းပေးပါရန် အများပြည်သူများက လိုလားလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မေးခွန်းများကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ (က) မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ် မြေထဲမြို့ဟောင်းအား ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် သတ်မှတ်ထိန်းသိမ်းပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ၊ (ခ) ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ပေးမည်ကို သိရှိလိုပါကြောင်း တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၄။**

**ဦးသန်းဆွေ (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းဆွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်ပြတိုက်ရှိ ဓာတ်ပုံအမှတ်(၈၂)၏ ဓာတ်ပုံကို မိုးဗြဲစစ်ကဲကြီး ဦးသာဖူး ဟု ဖော်ပြထားချက်နှင့်ပတ်သက်၍ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲမှာ အဝေးဝန်များစာရင်း၌ မင်းကြီးမဟာမင်းထင်မင်းခေါင်ဘွဲ့ခံ မိုးဗြဲစစ်ကဲကြီး ဦးသာဖူး ဟုရှိသည် ဆိုကြောင်း၊ သို့သော် ဖော်ပြပါ ဓာတ်ပုံမှာ ဗိုလ်စုများစာရင်းဝင် တောင်(၁၅၀)ဗိုလ် မိုးဗြဲစစ်ကဲတော်ကြီး

ဦးကျော်ခေါင် ၏ ပုံဖြစ်နေပါတယ်။ ဓာတ်ပုံတွင် ရှေးအခါက မင်းဆွေစိုးမျိုးများ၏ ခေါင်းပေါင်းစ ညာချပုံနှင့် လက်သုံးတော်ကြီးများ၏ ခေါင်းပေါင်းစ ဘယ်ချပုံကို ဗဟုသုတအဖြစ် ရှုမြင်နိုင်မည် ဖြစ်ပါတယ်လို့ ဖော်ပြထားပါတယ်။

ထို့ကြောင့် ဓာတ်ပုံနှင့် စာပါအကြောင်းအရာ လွဲနေသည်ကို အဆိုရှင်က မေးခွန်း ထုတ်ထားခြင်းဖြစ်ပါတယ်။ ဤမေးခွန်းနဲ့ပတ်သက်ပြီး ဖြေဆိုရလျှင် ဓာတ်ပုံပါ မိုးဗြဲစစ်ကဲကြီး ဦးသာဖူး မဟုတ်ဘဲ ဗိုလ်စုများစာရင်းဝင် တောင်(၁၅၀)ဗိုလ် မိုးဗြဲစစ်ကဲတော်ကြီး ဦးကျော်ခေါင် ပုံဖြစ်တယ်ဆိုတာ မှန်ပါတယ်ခင်ဗျာ။ ဦးကျော်ခေါင် ဟာ အနောက်ဝင်းတော်မှူး စားတော်ကြီးဆက် ဗိုလ်ဖား ရဲ့ သားဖြစ်ပြီးတော့ လက်သုံးတော်ကြီးကိုင် မြေလတ်ဝန် မြင်စိုင်းမြို့စား မင်းကြီးမဟာ မင်းလှမဟာမင်းခေါင်သီဟသူ ဘွဲ့ရသူလည်း ဖြစ်ပါတယ်။

မိုးဗြဲစစ်ကဲတော်ကြီး ဦးကျော်ခေါင် နဲ့ ဇနီး ခင်လေးတို့ရဲ့ သား မိုးဗြဲ ဦးခင်မောင်ကြီး ကို ကျွန်တော် ကောင်းစွာ မီလိုက်ပါတယ်ခင်ဗျာ။ ဦးခင်မောင်ကြီး ဟာ အင်္ဂလိပ်အစိုးရလက်ထက် မန္တလေးမှာ မဟာဒန်ဝင်ဖြစ်ပါတယ်။ မဟာဒန်ဝင်ဆိုတာကတော့ အခုခေတ် သာသနာရေးအရာရှိ သဘော ဖြစ်ပါတယ်။ မိုးဗြဲစစ်ကဲတော်ကြီး ဦးကျော်ခေါင် ရဲ့ ဇနီး ခင်လေး ဟာ ဦးကျော်ခေါင် ကွယ်လွန်သွားပြီးတဲ့အခါမှာ မက္ခရာမင်းသားကြီးရဲ့သားတော် မက္ခရာထိပ်တင်ဖြူ ကိုယ်တော်ကြီးနဲ့ လက်ဆက်လို့ ထိပ်တင်ဦးဆိုတဲ့ သမီးတစ်ယောက် မွေးပါတယ်။ မက္ခရာမင်းသားကြီးရဲ့ အခြား သားတော် မက္ခရာထိပ်တင်ဝ မြို့ပိုင်အဖြစ်နဲ့ ထားဝယ်ခရိုင်၊ ရေဖြူမြို့ကို ပြောင်းလာတော့ ကျွန်တော့် ဖခင်ရဲ့ အစ်မဝမ်းကွဲ ဒေါ်စီဥ ဆိုသူနဲ့ လက်ဆက်ပါတယ်။ သူတို့မှ မွေးတဲ့ ထိပ်တင်ရန်အောင် ဆိုတဲ့ ကျွန်တော့် အစ်ကိုဝမ်းကွဲဟာ ထိပ်တင်ဦးနဲ့ ပြန်ပြီးလက်ဆက် ပါတယ်။ ထိပ်တင်ရန်အောင် နဲ့ ထိပ်တင်ဦး တို့မှ သား မင်းမင်း ခေါ်တဲ့ မင်းသားကြီးဟာ မိုးဗြဲ ဦးခင်မောင်ကြီး ရဲ့ သမီးခင်လှလှ နဲ့ စည်သူမောင်မောင်ကျော် တို့ရဲ့ သား ဦးကံညွန့် တို့မှ မွေးတဲ့ သမီး ခင်မူမူ နဲ့ လက်ထပ် ထားလို့ ယနေ့တိုင် မန္တလေးမြို့မှာ ရှိပါတယ်။ ဒါကြောင့် ဒီ မိုးဗြဲစစ်ကဲတော်ကြီး ဦးကျော်ခေါင် ၏ ပုံအမှန်ဖြစ်တယ်ဆိုတာ ကျွန်တော် ပြောနိုင်ခြင်း ဖြစ်ပါတယ်။

ဓာတ်ပုံအမှတ်(၈၅)၊ တိုင်ထားထိပ်ခေါင်တင် (Queen Taingtar Htate Khaungtin) လို့ ဖော်ပြထားတဲ့ပုံက ဆင်ဖြူမရှင်ရဲ့ အပျိုတော်ပုံသာဖြစ်ပြီး တိုင်ထားထိပ်ခေါင်တင် ဖြစ်ပါတယ်။ ဖြစ်ပါက မင်းတုန်းမင်းတရားကြီး သမီးတော်ဖြစ်သဖြင့် Queen အစား princess ဟု သုံးနှုန်း

ရမည်ဖြစ်ကြောင်း မေးခွန်းရှင်က မေးထားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် ဒီပြတိုက်က ဒီပုံတွေဟာ ဘာကြောင့် ဒီလိုမှားတယ်၊ ဘယ်ကရတဲ့ ပုံတွေလည်း ဆိုတော့ ကျွန်တော် သွားလေ့လာတဲ့အခါမှာ ကျွန်တော်တို့ ဒီပုံတွေဟာ ဂျာမနီက ဘာလင်ပြတိုက်က ယူပြီးပြထားတယ်လို့ ဆိုပါတယ်။ အဲဒီတော့ ကျွန်တော် ကြည့်လိုက်တဲ့အခါမှာ Queen Tarasein's daughter princess Taingtar Htate Khaungtin လို့ ဖော်ပြထား ပါတယ်။ သူ့ဟာနဲ့သူတော့ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကတစ်ဆင့် ကူးလိုက်တဲ့အခါမှာ Queen Tarasein ကျန်ခဲ့ပြီးတော့ Queen Taingtar Htate Khaungtin ဆိုပြီးတော့ ဖြစ်သွားခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ဒီမေးခွန်းနဲ့ပတ်သက်ပြီး ဖြေဆိုရမယ်ဆိုရင် ဒီပုံဟာ မင်းတုန်းမင်းကြီးရဲ့ သရစိမ်းမိဖုရား သုသီရိန္ဒာမဟေ က ဖွားမြင်တဲ့ သမီးတော်သုံးပါးအနက်က ဒုတိယသမီးတော် တိုင်တားထိပ်ခေါင်တင် မင်းသမီးရဲ့ ပုံ မဟုတ်ပါဘူး။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(ရာပြည့်မူ) အချပ်ပို (ဂ-၃) ဓာတ်ပုံနံပါတ်(၁၇)မှ ပါပါတယ်။ ဤပုံကို ဆင်ဖြူမရှင် ရဲ့ အပျိုတော်လို့ အဲဒီမှာ ဖော်ပြထားပါတယ်။ အဲဒါလည်း မှားပါတယ်။ အမှန်မှာ ဆင်ဖြူမရှင် ရဲ့ အပျိုတော်ပုံ မဟုတ်ပါဘူး။ မင်းတုန်းမင်းတရားကြီး ရဲ့ ခုနကပြောတဲ့ သရစိမ်းမိဖုရားကြီး အသက်ကြီးမှ ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ မယ်တော်နဲ့ သမီးတော်ပုံ မှားပြီး ရေးသားခြင်း ဖြစ်ပါတယ်။ အမှန်မှာ တိုင်တားထိပ်ခေါင်တင်မင်းသမီး၏ မယ်တော် သရစိမ်းမိဖုရားပုံ ဖြစ်သည်ဟု ဖော်ပြရမှာဖြစ်ပါတယ်။ အဲဒီ သရစိမ်းမိဖုရား အရွယ်ကောင်း ခဲ့စဥ်က ပုံကို ဖော်ပြခဲ့ပါတယ်။

ဓာတ်ပုံအမှတ်(၈၇) က စလင်းမင်းသမီးလို့ အဲဒါက အခု သရစိမ်းမိဖုရားကြီး၏ သမီးတော် သုံးပါးပုံပါ။ ဓာတ်ပုံအမှတ်(၈၇)မှ စလင်းမင်းသမီးလို့ ဖော်ပြထားတဲ့ပုံဟာလည်း လူလွဲမှားနေတယ်လို့၊ ဒါ သရစိမ်းမိဖုရား အရွယ်ကောင်းစားစဥ်က ပုံဖြစ်ပါတယ်။ အဆိုရှင် ဖော်ပြတဲ့ ဓာတ်ပုံအမှတ်(၈၇)က စလင်းမင်းသမီးလို့ ဖော်ပြထားတဲ့ ပုံကလည်း လွဲမှားနေပါတယ်။ မည်သူ့ပုံလို့ မဖော်ပြနိုင်ပါဘူး။

ထို့ကြောင့် မင်းတုန်းမင်းတရားကြီးနှင့် လင်ပန်းတိုက်စားမိဖုရားတို့က သက္ကရာဇ် ၁၂၈၉ ခုနှစ်မှ ဖွားမြင်တဲ့ ပထမသီရိသုရတနာ၀တီဘွဲ့နဲ့ ရွှေဂူမြို့၊ နောက် ၁၂၁၆ ခုနှစ်မှာ ရွှေဂူမြို့နဲ့ စလင်းမြို့ကို လဲပြီး သနားတော်မြတ်ခံရတဲ့ သုသီရိမြတ်စွာရတနာဒေဝီဘွဲ့ခံ ပင်တိုင်စံ

မင်းသမီးအရာထားခြင်းခံရတဲ့ စလင်းစုဖုရားရဲ့ ပုံအမှန်က အခု ဖော်ပြထားတဲ့ ပုံပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ပြတိုက်မှာ အဲဒီပုံကို လဲလိုက်ပါပြီခင်ဗျာ။

ဓာတ်ပုံအမှတ် (၈၈)က မင်းတုန်းမင်းတရားကြီး၊ သရစိမ်း မိဖုရားတို့ရဲ့ သမီးတော် တိုင်ထားထိပ်ခေါင်တင်မင်းသမီးရဲ့ ပုံအမှန်ဖြစ်ပါတယ်။ မမှားပါဘူး။ ဒါပေမဲ့ ပုံက နည်းနည်း မကောင်းလို့ ကျွန်တော့မှာရှိတဲ့ ပုံအကောင်းနဲ့ လဲပြထားပါတယ်။ ပြတိုက်မှာ ဖော်ပြထားတဲ့ အထိန်းတော် သုကေသာဝတီ ဆိုတာ မှားယွင်းနေပါတယ်။ ပုံကတော့ တိုင်ထားထိပ်ခေါင်တင် ပုံပါပဲ။ ဒါကြောင့် တိုင်ထားထိပ်ခေါင်တင်မင်းသမီးပုံနဲ့ အခြားကောင်းတဲ့ ပုံတစ်ပုံကို အစားထိုး ပြီးတော့ ဖော်ပြလိုက်ပါတယ်။ ဒီပုံကိုကြည့်ရင် လွှတ်တော် ကိုယ်စားလှယ်များ မြင်ပါလိမ့်မယ်။ ကျွန်တော်တို့ ခေတ်မျက်စိနဲ့တောင် တော်တော်လှတဲ့ မင်းသမီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီပုံကို ကျွန်တော်ပြတိုက်ထဲမှာ ကျွန်တော် အခု လဲပြီးပါပြီ။ ဒါကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အခုချက်ခြင်းပဲ ပုံအမှန်များကို စာအမှန်နဲ့ ပြင်ဆင်ပြီး ဖော်ပြပြီးကြောင်း အဆိုရှင်ကို ကျွန်တော် ဖြေကြားအပ်ပါတယ်ခင်ဗျာ။

နောက် မေးခွန်းတစ်ခုကတော့ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ် မြေထဲ မြို့ဟောင်းကို ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအဖြစ် ထိန်းသိမ်းပေးနိုင်ရန်အတွက် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးတဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ရဲ့ အမေးကို ကျွန်တော် ဖြေမှာ ဖြစ်ပါတယ်။ မကွေးတိုင်း ဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း က မကွေးတိုင်း ဒေသကြီး၊ အောင်လံမြို့နယ် မြေထဲမြို့ဟောင်းအား ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် ထိန်းသိမ်းပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးထားပါတယ်။

မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ မြို့ရွာနယ်ပယ် များဟာ ခေတ်အဆက်ဆက် သူ့နည်းသူ့ဟန်နဲ့ အထင်အရှား ရှိပါတယ်။ ပုဂံခေတ်မတိုင်မီ ကတည်းက ပျူမြို့ဟောင်းများဖြစ်တဲ့ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာဆိုတာလည်း အထင်အရှား တည်ရှိခဲ့ရာ ယခုအခါ ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါ ပျူမြို့ဟောင်းမှလွဲ၍ မြန်မာနိုင်ငံအတွင်းရှိ မြို့ရွာနယ်ပယ်များဟာ သူတို့ သမိုင်းကြောင်းတစ်လျှောက် အထင်အရှား တည်ရှိခဲ့ပြီးတော့မှ မြန်မာနိုင်ငံမှာ ပြည်သူများဟာ

မိမိတို့ရဲ့ မြို့ရှာနယ်ပယ်များအကြောင်းကို အမြဲတစေ အမွှန်းတင်ပြီး သမိုင်းကြောင်းအရ မည်မျှ မြင့်မားသည်ကို ပြောဆိုလေ့ရှိပါတယ်။

သို့ရာတွင် ထို့သို့ သမိုင်းကြောင်းရှိသော မြို့ရှာနယ်ပယ်များကို ယဥ်ကျေးမှုနယ်မြေ အဖြစ် လိုက်ပြီးတော့ သတ်မှတ်ပေးရမယ်ဆိုရင် မြန်မာတစ်ပြည်လုံးကို သတ်မှတ်ပေးရတော့မှာ ဖြစ်ပါတယ်။ ယခု မြေထဲမြို့ဟာ မကွေးတိုင်းဒေသကြီး၊ အောင်လံ နဲ့ သရက်ခရိုင်အတွင်းမှာ တည်ရှိပါတယ်။ သရက်ခရိုင်အတွင်း၌ တည်ရှိတဲ့ မြေထဲမြို့ဟာ အခြားသော မြို့ရှာနယ်ပယ်များ နည်းတူ ခိုင်မာသောသမိုင်းကြောင်း တည်ရှိတယ်ဆိုတာ မှန်ပါတယ်။ မြေထဲမြို့ဟာ သက္ကရာဇ် ၁၀၀၃ ခုနှစ်၊ သမုန္ဒရီမင်း တည်ထားခဲ့တဲ့ ခိုင်လုံတဲ့ ခံတပ်ကြီးကြောင့် ထင်ရှားပါတယ်။ ထို့နောက် နှစ်ပေါင်း(၄၀၀)ခန့်အကြာမှာ အင်းဝ ပထမမင်းခေါင်ရဲ့ သားတော် မင်းရဲကျော်စွာ က တဖန် ထပ်ပြီးတော့ တည်ဆောက်ခဲ့ပါတယ်။

ဗြိတိသျှတို့ဟာ မြန်မာနိုင်ငံကို ကျူးကျော်စစ် (၃)ကြိမ် ၁၈၂၄၊ ၁၈၅၂၊ နောက်ဆုံး ၁၈၈၅ မှာ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့ကြတယ်။ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၅၂ ခုနှစ်အပြီး အောက်မြန်မာနိုင်ငံသည် ဗြိတိသျှတို့လက်အောက် ကျရောက်သွားခဲ့ရပါတယ်။ ထိုမျှနှင့်ပင် အားမရနိုင်ဘဲ ပြည်နှင့် မြေထဲအကြားရှိ ပဲခူးရိုးမမှ အစိုးရ အဖိုးထိုက်တန်တဲ့ ကျွန်းတောကြီးများကို သိမ်းပိုက်လိုတာကြောင့် ပြည်မြို့အထက် မိုင်(၅၀) ခန့်ကွာဝေးသော မြေထဲမြို့အထိ တိုးချဲ့သိမ်းပိုက်ရန် ကြိုးပမ်းခဲ့ပါတယ်။

အင်္ဂလိပ်-မြန်မာစစ် ပွဲပြီးဆုံးပြီးနောက် ဝန်ရှင်တော်မင်းကြီး ဆာအာသာဖယ်ရာ ဟာ အိန္ဒိယဘုရင်ခံချုပ်၏ သဘောတူညီချက်အရ ဗြိတိသျှ မြန်မာနိုင်ငံကို ပြည်မြို့မှ မြေထဲမြို့အထိ နောက်ထပ် နှစ်(၅၀)ခန့် ၎င်းတစ်ဦးတည်း သဘောအတိုင်း တိုးချဲ့သိမ်းပိုက်ခဲ့ပါတယ်။ မြန်မာအစိုးရ အာဏာပိုင်များက တရားဝင် ကန့်ကွက်ခဲ့ကြပါတယ်။ ဒါပေမဲ့ ကန့်ကွက်ချက်များကို အလေး မပြုခဲ့ဘဲ ဝန်ရှင်တော်မင်းကြီး အာသာဖယ်ရာ က ကပ္ပတိန် ဂရန့်အာလံ ဆိုသူအား မြန်မာနိုင်ငံ၏ နယ်နိမိတ်မျဥ်းကြောင်းကို တောနင်းရေးဆွဲရာမှ ဗြိတိသျှ-မြန်မာ နယ်နိမိတ်မျဥ်းကြောင်းကို ရေးဆွဲသတ်မှတ်ခြင်း ပြုစေခဲ့ပါတယ်။ ကပ္ပတိန်အာလံ ကို ဂုဏ်ပြုသောအားဖြင့် မြေထဲမြို့ကို ဗြိတိသျှအာဏာပိုင်များက အာလံမြို့ဟူ၍ အမည်ပြောင်းလဲခဲ့ပါတယ်။ ဖ.ဆ.ပ.လ အစိုးရလက်ထက်

(၁၉၄၈-၅၈) ၈-၁၀-၁၉၅၈ ခုနှစ်တွင် အာလံမြို့ကို ကျွန်တော်တို့ အောင်လံမြို့ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။

ထို့နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၁-၇-၁၉၈၅ ခုနှစ် ရက်စွဲဖြင့် ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာမှာ အောင်လံမြို့ကို မြေထဲမြို့ဟု ပြန်ပြီးပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။ တစ်ဖန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၇-၂-၁၉၉၅ ခုနှစ်မှာ မြေထဲမြို့ကို အောင်လံမြို့လို့ ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ အဆိုပါအချက်အလက်များကို ကြည့်ခြင်းအားဖြင့် မြေထဲမြို့ဟာ မြန်မာနိုင်ငံရှိ အခြားမြို့ရွာနယ်ပယ်များနည်းတူ သမိုင်းကြောင်း တည်ရှိခဲ့သော မြို့ဖြစ်ပြီး ထို့သို့သမိုင်းကြောင်းရှိခဲ့သောမြို့ရွာနယ်ပယ်များကို ယဉ်ကျေးမှုနယ်မြေအဖြစ် သတ်မှတ်ပါက သတ်မှတ်မဆုံးနိုင်အောင်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုပါတယ်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် နိုင်ငံအတွင်းရှိ ရှေးဟောင်းယဉ်းကျေးမှု အမွေအနှစ်များကို နိုင်ငံတော်အဆင့် ထိန်းသိမ်းစောင့်ရှောက်ရာမှာ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ နည်းလမ်းများ၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပြီး သတ်မှတ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိပါတယ်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပေါကြွယ်တဲ့ မြန်မာနိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံတော်အတွင်း ရှေးဟောင်းမြို့ပြ၊ ခံမြို့များ၊ ကင်းတပ်မြို့များ စသည်ဖြင့် အရေအတွက်များပြားလှပါတယ်။ သာဓကအားဖြင့် ပျူမြို့ဟောင်းများဖြစ်တဲ့ ဧည့ဝတီ၊ ဝေသာလီ၊ မြောက်ဦး၊ သာဂရ၊ ပုဂံ၊ အင်းဝ၊ မန္တလေး၊ ဟံသာဝတီ စတဲ့ လူသိများတဲ့ မြို့ဟောင်းများသာမက ပုသိမ် (၃၂)မြို့၊ မုတ္တမ (၃၂)မြို့၊ ဟံသာဝတီ (၃၂)မြို့၊ အနော်ရထာမင်းကြီး၏ ခံမြို့(ကင်းတပ်မြို့)၊ (၄၃)မြို့ စသည်ဖြင့် မြို့ပြအစုများ၊ ခံမြို့များ တည်ရှိခဲ့ပြီး ယနေ့တိုင်အောင် မြို့ရိုး၊ ကျုံး၊ သာသနိက အဆောက်အအုံများ၊ နန်းတော်ရာများ နှင့် ကြွင်းကျန်တည်ရှိလျက်ရှိနေပါတယ်။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် နေရာဒေသအဖြစ် သတ်မှတ်ရာမှာ အောက်ပါအခြေခံစဉ်းစားရမည့် “စံ”များနှင့် ချိန်ထိုးလေ့လာသုံးသပ်၍ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအဖြစ် သတ်မှတ်ခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုများအား အရေးပေါ်ထိန်းသိမ်းရမည့် အခြေအနေပေါ်မူတည်ကာ ဦးစားပေးအလိုက်

သတ်မှတ်ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ (က)ရှေးဟောင်း (ခေတ်ကာလ)တန်ဖိုး မြင့်မားခြင်း၊ (ခ) သမိုင်းတန်ဖိုး မြင့်မားခြင်း၊ (ဂ) ဗိသုကာလက်ရာ တန်ဖိုး မြင့်မားခြင်း၊ (ဃ) ယဉ်ကျေးမှုနှင့် အနုပညာလက်ရာတန်ဖိုး မြင့်မားခြင်း၊ (င) အရေးပေါ် ထိန်းသိမ်း ရမည့် အခြေအနေရှိခြင်း ဆိုတဲ့ "စံ"တွေကို ထားပါတယ်။

ယဉ်ကျေးမှုဝန်ကြီးဌာနဟာ မြေထဲမြို့ဟောင်းကို ယခုနှစ် ၂၀၁၂ ခုနှစ်ဆန်းပိုင်းက ကွင်းဆင်းလေ့လာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ကွင်းဆင်းသုတေသနပြု တွေ့ရှိချက်များကို အထက်ပါ စံချိန်စံညွှန်းများဖြင့် ချိန်ထိုးစစ်ဆေးခဲ့တဲ့အခါမှာ သတ်မှတ် ထားသော "စံ"များနှင့် ကိုက်ညီခြင်းမရှိကြောင်း တွေ့ရပါတယ်။ ထို့အပြင် မြေထဲမြို့ဟောင်းကို ယဉ်ကျေးမှုအမွေအနှစ်ဇုန် သတ်မှတ်ပါက ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ် စောင့်ရှောက် နိုင်မည် ဖြစ်ပေမယ့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် သတ်မှတ်ပါက သတ်မှတ်နယ်မြေ အတွင်းရှိ လူနေကျေးရွာများ၊ စိုက်ပျိုးမြေများ၊ ဒေသခံများသည် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများအား တိကျစွာ လိုက်နာရမည်ဖြစ်ခြင်း၊ ဒေသခံများ၊ တာဝန်ရှိသူများကလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပူးပေါင်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခြင်းများလည်း မလွဲမသွေ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ရှေးဟောင်း အမွေအနှစ်ဇုန် သတ်မှတ်ပြီးဖြစ်သော်လည်း "စံ" တန်ဖိုးပေါ် မူတည်၍ ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း ဆောင်ရွက်ရကာ ဦးစားပေး ရွေးချယ်သတ်မှတ်၍ ရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှသာ ဖော်ထုတ်ထိန်းသိမ်းမှု ဆောင်ရွက်နိုင်ခြင်း စသည့် အခက်အခဲများလည်း ရှိနိုင်ပါတယ်။

သို့ပါ၍ ရှေးဟောင်းအစဉ်အဆက်ကတည်းက မြန်မာနိုင်ငံသမိုင်းတွင် အခြားမြို့များ နည်းတူ မြို့ပြ၊ ရွာကြီးများ တည်ရှိခဲ့သော်လည်း ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ရန် ထူးခြားခိုင်မာသော ဥပမာ - ပျူ တကောင်း၊ ပုဂံ၊ အင်းဝ၊ ဟံသာဝတီ စသည့်၊ ထိုကဲ့သို့ သမိုင်းကဏ္ဍ မထင်ရှား ခဲ့ခြင်းတို့ကြောင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေအဖြစ် အချိန်ယူ သုတေသနပြုရ ဦးမှာ ဖြစ်ပါတယ်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေအဖြစ် ကာကွယ်ထိန်းသိမ်းရေး ဥပဒေပါ နေရာဒေသအဖြစ် သတ်မှတ်ရာတွင် အချက်အလက်များအရ အသိအမှတ်ပြုစေရန် "စံ"နှုန်းအရ အားနည်းချက်များ ရှိနေသေးကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် မသတ်မှတ်သေးရသော်လည်း ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေနှင့်အညီ

ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းမြို့ရိုး၊ ကျုံး၊ နန်းတော်ရာနေရာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါတယ်။ သို့ဖြစ်ရာ မြေထဲမြို့ဟောင်းအား ရှေးဟောင်းယဉ်ကျေးမှုနယ်အဖြစ် သတ်မှတ်ရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

သို့ရာတွင် ကွင်းဆင်းသုတေသနတစ်ဖွဲ့ ထပ်မံစေလွှတ်ပြီး မည်သည့်အစိတ်အပိုင်းအချို့ကို ရှေးဟောင်းအမွေအနှစ်အဖြစ် ဖော်ပြနိုင်ခြင်း ရှိ/မရှိ စစ်ဆေးသွားပါမယ်။ ခိုင်မာသောတန်ဖိုး အထောက်အထားပေါ်မူတည်၍ ဘဏ္ဍာငွေ တွက်ချက်မှုအရ ယဉ်ကျေးမှုဝန်ကြီးဌာနက ဆောင်ရွက်ရန်ရှိတဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ ၂၀၁၃-၂၀၁၄ အာဆီယံထိပ်သီး အစည်းအဝေးနှင့် ကဏ္ဍဖက်ပြိုင် (Back to Back) အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုကော်မတီ အစည်းအဝေး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာငွေ သုံးစွဲခြင်း၊ နေပြည်တော် အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက် တည်ဆောက်ရေး ဘဏ္ဍာငွေသုံးစွဲခြင်း၊ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ များနှင့် ယှဉ်တွဲ၍ဖြစ်စေ၊ အပြီးတွင်ဖြစ်စေ ချင့်ချိန်ဆောင်ရွက်နိုင်ပါသေးကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**လေယာဉ်ဆီ ရောင်းဝယ်ရေးကိစ္စကို ပုဂ္ဂလိကသို့ ရောင်းဝယ်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် က လေယာဉ်ဆီရောင်းဝယ်ရေးကိစ္စကို ပုဂ္ဂလိကသို့ ရောင်းဝယ်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းရမယ့် ခေါင်းစဉ်ကတော့ လေယာဉ်ဆီရောင်းဝယ်ရေးကိစ္စကို ကျွန်တော်တို့ မော်တော်ယာဉ်

တွေမှာ အခုအဆင်ပြေသွားသလိုပေါ့။ ပုဂ္ဂလိကကို ရောင်းဝယ်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာတော့ ယခုအချိန်အထိ လေယာဉ်ဆီများကို ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနကပဲ တာဝန်ယူပြီးတော့ ဆောင်ရွက်ပေးနေပါတယ်။ အဲဒီတော့ အခုကြည့်လို့ရှိရင် မင်္ဂလာဒုံ၊ မန္တလေး၊ မြစ်ကြီးနား စတဲ့ သူတို့ လေယာဉ်ဆီတွေကို ထိန်းသိမ်းထားပြီးတော့ ရောင်းချပေးနေတာ ကျွန်တော်တို့ တွေ့ရပါတယ်။ သို့သော်လည်း တဖြည်းဖြည်းနဲ့ လေယာဉ်တွေက များလာတယ်။ အထူးသဖြင့် အခု Tourism တွေ တက်လာတဲ့အခါကျတော့ လေယာဉ်တွေက အရင်တုန်းက Tourism က ငါးသိန်းလောက်ပဲ လာတယ်။ အခုအခါ တစ်သန်း၊ တစ်သန်းကျော်လာတယ်။ နောက်နှစ်တွေဆို နှစ်သန်း အဲဒီလို ဖြစ်လာမယ်။ အဲဒီအခါကျတော့ လေယာဉ်တွေကလည်း အများကြီး ဆင်းလာမယ်။ အဲဒီကျရင် ကျွန်တော်တို့ရဲ့ ဒီ MOGE တစ်ခုတည်းနဲ့တော့ နိုင်နိုင်နင်းနင်း၊ ပြည့်ပြည့်စုံစုံ လုပ်ပေးနိုင်ပါ့မလားလို့ ကျွန်တော့်အနေနဲ့ သံသယဖြစ်ပါတယ်။

နိုင်ငံတကာမှာလည်း ကြည့်လိုက်လို့ရှိရင် အစိုးရက ရောင်းတယ်ဆိုတာ အင်မတန်နည်းပါတယ်။ ကျွန်တော်တို့ အိမ်နီးနားချင်း ထိုင်းနိုင်ငံကိုပဲ ကြည့်လို့ရှိရင် ထိုင်းကလည်း Private Company တွေကပဲ ရောင်းနေတာ တွေ့ရပါတယ်။ အခုဆိုလို့ ရှိရင် နိုင်ငံခြားကလာတဲ့ လေယာဉ် Air Lines တွေဟာဆိုလို့ရှိရင် ဘန်ကောက်မှာ ဆီထည့်တယ်။ ဆီထည့်ပြီးတော့ ရန်ကုန်ကို ဆင်းတယ်။ ဆီအပြည့် ထည့်လာတယ်။ ပြီးတော့ ဘန်ကောက်မှာ ပြန်တယ်။ ရန်ကုန်မှာ ဆီမထည့်ဘူး။ အဲဒီလို အပိုင်းတွေ ရှိပါတယ်။

အဲဒါကတော့ ကျွန်တော် မေးကြည့်တဲ့အခါမှာ ကျွန်တော်တို့ဆီက နည်းနည်းလေး ဈေးကြီးတယ်။ နောက်တစ်ခုက လိုသလောက်၊ တစ်ခါတစ်လေ မရဘူးလို့ သူတို့ Complain ရှိပါတယ်။ နောက် ပြည်တွင်းမှာဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ပြည်တွင်းလေယာဉ်တွေဟာ ကျွန်တော်တို့ ဥပမာအားဖြင့် တာချီလိတ်တို့လို၊ ကော့သောင်းတို့လို့ နေရာတွေမှာ ဆီသွားထည့်လို့ရှိရင် လိုသလောက် တစ်ခါတစ်လေ မရဘူး။ ပြည်တွင်းလေကြောင်းလိုင်း တွေကလည်း များလာတယ်။ အဲဒီတော့ ဒီက ဆီအပြည့်ထည့်သွားတယ်။ ရန်ကုန်က ထည့်သွားတဲ့အခါကျတော့ ဆီအပြည့်ထည့်တဲ့အတွက်ကြောင့် Weight အရ Passenger ကို လျှော့ရတယ်။ Passenger

လျှော့တဲ့အခါကျတော့ Passenger (၅၀)တင်နိုင်မှာကို (၄၀)လောက်ပဲ တင်တဲ့အတွက်ကြောင့် Passenger ပေါ်မှာ လေယာဉ်ပျံလက်မှတ် က ဈေးကြီးသွားတယ်။ အဲဒီတော့ လေယာဉ်စီး ခရီးသည်တွေမှာ ဝန်ထုပ်ဝန်ပိုး ဖြစ်လာတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်တွင်းမှာလည်း အဲဒီလို တာချီလိတ်တို့လို၊ ကော့သောင်းတို့လို နေရာတွေမှာလည်း ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးနိုင်အောင် လိုအပ်လာမှာ ဖြစ်ပါတယ်။ အဲဒီတော့ မော်တော်ယာဉ်တွေကို ဥပမာပေးရင် သိသာပါတယ်။ အရင်တုန်းက ဖြန့်ဖြူးတာနဲ့ အခုဆိုရင် ဘယ်ဆိုင်မှာပဲသွားထည့်ထည့် အဆင်ပြေတယ်။ လိုသလောက်လည်း ရတယ်ဆိုတော့ လေယာဉ်တွေကလည်း နောက် အဲဒီလို ဖြစ်လာမှာ၊ အခုထက် ကျွန်တော် ထင်တယ်၊ (၂)နှစ်၊ (၃)နှစ်အတွင်းမှာ (၂)ဆ၊ (၃)ဆ တိုးလာမယ်၊ လေယာဉ်က၊ အဲဒီတော့ အဲဒီလေယာဉ်တွေအားလုံးရဲ့ သူတို့ Concerntion ကြီးဟာ အင်မတန် ကြီးတဲ့အတွက်ကြောင့် ဒါဟာ အင်မတန်ကြီးမားတဲ့ စီးပွားရေးလုပ်ငန်းကြီး တစ်ခု ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေကနေပြီးတော့ ဦးစီးပြီးတော့ ရထားဖို့လိုပါတယ်။

သို့မဟုတ်ရင်တော့ ၂၀၁၅ မှာ AFTA ဖြစ်လာတဲ့အခါမှာ သူတို့ဆီက ကုမ္ပဏီကြီး တွေက ဝင်လာမယ်။ ဝင်လာပြီးတော့ ဒီ သူတို့လည်း အပြိုင်အဆိုင်လုပ်ဖို့အတွက် သူတို့ တင်လာ မှာပါ။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံသားတွေက အတွေ့အကြုံမရှိဘဲနဲ့ ဒီလေယာဉ်ဆီ လုပ်ငန်းကြီး တစ်ရပ်ကို ဆုံးရှုံးဖို့ ရှိပါတယ်။ ဒီမှာကြည့်ရင် Air Lines တွေကလည်း အများကြီး ဖြစ်နေပါပြီ။ အခုဆိုရင်၊ အဲဒီတော့ ဒီလုပ်ငန်းကြီးတစ်ရပ်လုံးကို ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေက ဦးဆောင် ပြီးတော့ လုပ်နိုင်ဖို့လည်း လိုပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလိုအတွေ့အကြုံရအောင်လို့ အခုကတည်းက ပေးထား မယ်ဆိုလို့ရှိရင် ဒီလုပ်ငန်းကို ကျွန်တော်တို့ဆီက လုပ်ငန်းရှင်တွေက အတွေ့အကြုံ ရနေမယ်။ နောက် ကျွန်တော်တို့ ဒီလုပ်ငန်းကနေပြီးတော့ နိုင်ငံတော်အစိုးရကလည်း အခွန်အကောက်တွေ အများကြီးရမယ်။ နောက် Thailand က ကုမ္ပဏီဥစ္စာ Slide ကို နည်းနည်းပြပါမယ်။

Thailand မှာဆိုလို့ရှိရင် ကျွန်တော်တို့ Bangkok Aviation Byuhar Services က လုပ်ပေးပါတယ်။ အဲဒီမှာဆိုရင် ကြည့်လို့ရှိရင် တစ်လ၊ တစ်လကို ဒီ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ မှာ ကြည့်ရင်၊ ဇန်နဝါရီမှာပဲ ကြည့်ရင် ကျွန်တော်တို့ Million of Liters နော်၊ Liter သန်းပေါင်းများစွာ၊

နောက်ပြီးတော့ နှစ်တိုင်းလည်း သူတို့ 10 Percents လောက် တိုးနေတယ်။ ၂၀၁၀ မှာ (၃၈၉) Million Liters နော်၊ ၂၀၁၁ မှာ (၄၁၅)၊ ၂၀၁၂ မှာ (၄၁၉)၊ သူက နှစ်စဉ် တိုးတိုးပြီးတော့ သွားတာပဲရှိတယ်။ အဲဒါကြောင့်မို့လို့ ဒီဥစ္စာဟာ တစ်လပဲ ရှိသေးတယ်။ ကျွန်တော်တို့ဆီက တစ်နှစ်လုံးမှာမှ ဂါလန် သိန်းကျော်ပဲ ရှိတာ။ သူတို့က တစ်လ၊ တစ်လမှာကို၊ ဒါကို (၄)နဲ့ စားလိုက်ရင် သန်းပေါင်း သန်း(၆၀)၊ သန်း(၇၀) စသည်ဖြင့် နည်းတဲ့ Volume မဟုတ်ဘူး။ အရောင်းအဝယ်ဖြစ်နေတာ။

အဲဒီတော့ ဒီအခြေအနေကို ကျွန်တော်တို့ တဖြည်းဖြည်းရောက်လာပါတယ်။ အဲဒီလို ရောက်လာတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံကို ဆင်းတဲ့ လေယာဉ်ပျံတွေကို Services ပေးနိုင်ဖို့၊ အဲဒီလို ပေးနိုင်ဖို့အတွက်ကို ကျွန်တော်တို့က ပုဂ္ဂလိက လုပ်ငန်းတွေကိုလည်း Training ပေးထားမှ ကျွန်တော်တို့ဆီက လူတွေက အဆင်သင့် ဖြစ်မယ်။ ဒါမှလည်း ဒီကို ဆင်းတဲ့လေယာဉ်ပျံတွေ အားလုံးဟာ ဒီမှာ ဆီထည့်မယ်၊ ဆီထည့်လို့ရှိရင် အဲဒီဆီထည့်တဲ့ လုပ်ငန်းကြီးတစ်ခုလုံးမှာ အလုပ်အကိုင်တွေ အများကြီးကို ရမယ်။ ဆီထည့်တဲ့ Boxser ကိုင်တဲ့ လူက အစ၊ မောင်းတဲ့ လူ စသည်ဖြင့် လုပ်ငန်းတွေဟာ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီး သွားနေတဲ့ ဆင်းရဲမွဲတေမှု ပပျောက်ရေးအတွက် ကျွန်တော်တို့ လူတွေ အလုပ်ရဖို့ လိုပါတယ်။

အဲဒီတော့ ဘန်ကောက် သွားကြည့်ရင် တွေ့မှာပါ။ ဘန်ကောက်လေဆိပ် ဆင်းလိုက်တာနဲ့ ဒီဆီဖြည့်နေတဲ့ Boxser ကြီးတွေ၊ အစီးပေါင်းများစွာ စသည်ဖြင့်၊ အဲဒီတော့ ဒီလုပ်ငန်းကို ကျွန်တော်တို့ နိုင်ငံအနေနဲ့က စောစောစီးစီး၊ ကျွန်တော်တို့ရဲ့ Private Sector ကို ပေးပြီးတော့ နော်၊ လေ့ကျင့်လုပ်ထားပါမှ ဒီ ၂၀၁၅ လောက်မှာ၊ AFTA ဖြစ်လာတဲ့အခါမှာ သူတို့ဆီက ဝင်လာမယ့် ကုမ္ပဏီကြီးတွေ ကျွန်တော်တို့ ယှဉ်နိုင်လို့ ရမှာပါ။ ဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ကတော့ ဒီလေယာဉ်ဆီဖြည့်တဲ့လုပ်ငန်းကို အခု MOGE က လုပ်ပေးနေတာ ကျွန်တော်တို့ ကျေးဇူးလည်း တင်ပါတယ်။ အထူးလည်းကြိုးစားလုပ်ပေးနေတယ်ဆိုတာ သိပါတယ်။ သို့သော်လည်း နိုင်ငံတကာအစဉ်အလာမှာလည်း ဒီပုဂ္ဂလိကတွေကပဲ လုပ်သွားတာ ရှိတယ်။ အစိုးရကတော့ အဲဒီအပေါ်က Tax ကောက်လိုက်ရုံပဲ သူက။ ကဲ မင်းတို့ ရောင်းစမ်း၊ ပုဂ္ဂလိကတွေ၊ အဲဒီ အပေါ်က ငါတို့ အခွန်ကောက်မယ်ဆိုတဲ့ အလုပ်ကို အဓိက လုပ်တယ်။

နောက်တစ်ခုက Avitation ဗျူဟာ အရေးကြီးတဲ့အတွက်ကြောင့် စစ်ဆေးတဲ့အပိုင်း။ စစ်ဆေးတဲ့အပိုင်းကို လုပ်မယ်။ ကျွန်တော်တို့ DCA ကလည်း ဝင်လုပ်မယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မှားယွင်းလုပ်လို့ မရဘူး။ ဒါကြောင့်မို့လို့ နောက်တစ်ခုကတော့ လုပ်သားပြည်သူတွေ၊ ပြည်တွင်းမှာရှိတဲ့ လုပ်သားပြည်သူတွေ၊ လေယာဉ်စီး ခရီးသည်တွေဟာ ကျွန်တော်တို့ ဈေးသက်သက်သာသာနဲ့ စီးရမှာ၊ ဘာလို့လဲဆိုတော့ ခုနကျွန်တော်ပြောသလိုပဲ ကော့သောင်းသွားတဲ့အခါမှာ ရန်ကုန်က ဆီထည့်သွားစရာမလိုဘူး။ ကော့သောင်းမှာ ဆီထည့်လို့ရရင် ဒီက လေယာဉ်ပျံက Weight ကိုလျှော့ ထည့်သွားမယ်။ ဆီကို လျှော့ထည့်သွားတဲ့အတွက်ကြောင့် Passenger ပိုတင်နိုင်မယ်။ ဟုတ်လား အဲဒီ ATR က လူ(၇၀)တင် နိုင်မယ်ဆိုရင် (၇၀)အပြည့်တင်သွားမယ်။ အခုက ကော့သောင်းမှာ ဆီအပြည့်မရတဲ့ အတွက်ကြောင့် ဒီက Weight ကိုလျှော့တဲ့အတွက်ကြောင့် လူ(၆၀)ပဲ တင်နိုင်မယ်။ အဲဒီအတွက် ကြောင့် Passenger က လေယာဉ်ပျံလက်မှတ်ခကို ပိုပေးရတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့က ဒီ ကျွန်တော်တို့ရဲ့ ပြည်သူ/ပြည်သားတွေ အလုပ်အကိုင်ရရှိရေး၊ ကျွန်တော်တို့ နိုင်ငံတော်ကနေပြီးတော့ အခွန်အခတွေ ပိုမိုရရှိရေး၊ အလုပ်အကိုင်တွေ ကျွန်တော်တို့ ဆင်းရဲမွဲတေမှု ပပျောက်ရေးအတွက် အလုပ်အကိုင်တွေ ရရှိရေး၊ နောက်တစ်ခါ ကျွန်တော်တို့ရဲ့ Fairbairn Passenger ဟုတ်လား၊ ကျွန်တော်တို့ရဲ့ လေကြောင်းသွားခရီးသည်တွေ လေယာဉ်ခတွေကို သက်တောင့်သက်သာနဲ့ စီးနင်းနိုင်ရေးတို့အတွက် ရည်မှန်းပြီးတော့ ဒီလေယာဉ်ဆီ လုပ်ငန်းကို ပုဂ္ဂလိကသို့ ဆောင်ရွက်ခွင့်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၂။**

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုတောင်း မေတ္တာပို့သရင်း လေးစားစွာဖြင့် ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် မှ မေးမြန်းထားတဲ့ လေယာဉ်ဆီ ရောင်းဝယ်ရေးကိစ္စကို ပုဂ္ဂလိကသို့ ရောင်းဝယ်ခွင့် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်တော် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးထင်အောင် မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်မှာရှိတဲ့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ် ရေးလုပ်ငန်းဟာ ဝန်ကြီးဌာနတစ်ခုထဲအောက်မှာရှိတဲ့ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းထံက လေယာဉ်ဆီ များကို ဝယ်ယူပြီးတော့ ပြည်တွင်း/ပြည်ပ လေကြောင်းလိုင်းများနဲ့ အစိုးရဝန်ကြီး ဌာနများသို့ မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း၊ စင်္ကာပူနိုင်ငံ Mins of Plus Singapore (MOPS) ဈေးနှုန်းအခြေခံပြီး ကျသင့်တဲ့ အခွန်အခများနဲ့ ကုန်ကျစရိတ်များ အပါအဝင် တစ်လလျှင်တစ်ကြိမ် ဈေးနှုန်းတွက်ချက် သတ်မှတ်ရောင်းချပေးနေပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း လေယာဉ်ဆီဖြန့်ဖြူးရောင်းချမှုကို လအလိုက် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် တစ်လချင်းရောင်းချမှု တိုးတက်လာတာ တွေ့ရှိရပါတယ်။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလက (၂.၇၄)ဂါလန်သန်း ရောင်းချခဲ့ရပြီး၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလက (၃.၁၀)ဂါလန်သန်း တိုးတက်ရောင်းချခဲ့ရပါတယ်။ ယခင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်က ပြည်တွင်း/ပြည်ပ ပုံမှန်ပြေးဆွဲနေတဲ့ လေကြောင်းလိုင်း(၂၆)လိုင်းရှိပြီး ပုံမှန်မဟုတ်ဘဲ ပြေးဆွဲ နေတဲ့ လေကြောင်းလိုင်း (၈)လိုင်းသာရှိရာကနေ ယခု ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ပြည်တွင်း/ ပြည်ပ ပုံမှန်ပျံသန်းပြေးဆွဲနေတဲ့ လေကြောင်းလိုင်း (၄)လိုင်းနှင့် ပုံမှန်မဟုတ်ဘဲနဲ့ ပျံသန်းပြေးဆွဲ နေတဲ့ လေကြောင်းလိုင်း(၂၂)လိုင်း ထပ်မံတိုးတက်လာတဲ့အတွက် လေယာဉ်ဆီ ဖြန့်ဖြူးရောင်းချ ရမှုဟာလည်း တိုးတက်လာတာကို တွေ့ရှိရတာဖြစ်ပါတယ်။ များမကြာမီမှာ တစ်လလျှင်

လေယာဉ်ဆီ ဂါလန်(၃.၅)သန်းခန့်အထိ တိုးတက်ရောင်းချရမယ်လို့ မျှော်မှန်းထားပြီး စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ အခက်အခဲမရှိ အချိန်မီ လုံလောက်စွာ ဖြန့်ဖြူးရောင်းချပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းမှာ လက်ရှိအသုံးပြုနေတဲ့ လေယာဉ်ကွင်း စုစုပေါင်း(၃၃)ကွင်း ရှိတဲ့အနက် နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေး စတဲ့ အပြည်ပြည်ဆိုင်ရာ လေဆိပ်(၃)ခုအပါအဝင် စစ်တွေ၊ မြစ်ကြီးနား၊ မြိတ်၊ ကော့သောင်း၊ ထားဝယ်၊ မော်လမြိုင်၊ ဟဲဟိုး၊ တာချီလိတ် စတဲ့ ပြည်တွင်းလေဆိပ်(၈)ခု၊ စုစုပေါင်းလေယာဉ်ဆိပ်(၁၁)ခုကို စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက အရည်အသွေး တိကျမှန်ကန်တဲ့ လေယာဉ်ဆီများကို ပြည်တွင်း/ပြည်ပ လေကြောင်းလိုင်း အားလုံးသို့ အရေအတွက် ကန့်သတ်ချက် မရှိဘဲနဲ့ လိုသလောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။

လေယာဉ်ဆီဖြန့်ဖြူးရောင်းချရာမှာ အရည်အသွေးတိကျမှန်ကန်ဖို့ အလွန်အရေးကြီးတာကြောင့် လေယာဉ်ဆီ တင်သွင်းသယ်ယူသိုလှောင် ဖြန့်ဖြူးမှုလုပ်ငန်းအဆင့်တိုင်းမှာ လိုအပ်တဲ့ အရည်အသွေး စမ်းသပ်စစ်ဆေးမှု အမျိုးမျိုးကို မဖြစ်မနေ လုပ်ရပါတယ်။ ဒါ့အပြင် Refinery Certificate of Quality - RCQ နှင့်အတူ ပြည်ပမှ တင်သွင်းလာတဲ့ လေယာဉ်ဆီများကို Recertification ရယူရာမှာ စွမ်းအင်ဝန်ကြီးဌာနပိုင် ဓာတ်ခွဲခန်းမှ နိုင်ငံတကာအသိအမှတ်ပြု Recertificate ထုတ်ပေးနိုင်ရေး ပထမဦးစားပေးဆောင်ရွက်ဖို့ လိုအပ်နေတာကြောင့် နိုင်ငံတကာ အသိအမှတ်ပြု (International Or ganization of Standardization) ISO နှင့် (International Electrotechnical Commission) IEC Certiticate ရရှိပြီးဖြစ်တဲ့ ပြည်တွင်း/ပြည်ပ ဓာတ်ခွဲခန်းများနဲ့ ပူးပေါင်းဆောင်ရွက်သွားရေး စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဦးစွာစီမံဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာအရ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပြီး ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ စီးပွားရေးဆန်ဆန် ဆောင်ရွက်လျက်ရှိရာမှာ ပြည်တွင်း/ပြည်ပ

ကုမ္ပဏီများစွာကလည်း လေယာဉ်ဆီဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကို အထူးစိတ်ဝင်စားနေကြတဲ့အတွက် နိုင်ငံတကာ လေယာဉ်ဆီ ဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်မှုများကို မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကျွမ်းကျင်သူများအဖွဲ့ကို ပြည်ပသို့ စေလွှတ်သွားရောက်လေ့လာစေခဲ့ပြီးလည်း ဖြစ်ပါတယ်။

ပြည်တွင်း/ပြည်ပ အတွေ့အကြုံများ၊ သင်ခန်းစာများကို အခြေခံပြီးတော့ လေယာဉ်ဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ပုဂ္ဂလိကနဲ့ ပူးပေါင်းဆောင်ရွက်ရန်နှင့် သတ်မှတ်နိုင်ငံတကာ အရည်အသွေး စံချိန်စံညွှန်းများအတိုင်း လေယာဉ်ဆီများကို အဆက်မပြတ် တင်သွင်းဖြန့်ဖြူးရောင်းချနိုင်ကြောင်း၊ အသေအချာ အာမခံနိုင်တဲ့ မည်သည့် ပြည်တွင်း/ပြည်ပ ကုမ္ပဏီများနဲ့မဆို စိစစ်ရောင်းချခွင့်ပြုဖို့အတွက် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို(၁၁း၀၇) နာရီအချိန်တွင် ခေတ္တရပ်နားပြီး(၁၁း၂၂) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဦးဝင်းမောင် (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၏ ဆွေးနွေးချက်အပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြန်လည်

စိစစ်တင်ပြသည့် အစီရင်ခံကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးဝင်းမောင် က အစီရင်ခံ တင်ပြမှာ ဖြစ်ပါတယ်။

နိဒါန်း

၁။ အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာ ကော်မရှင်က ၄-၇-၂၀၁၂ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁-၈-၂၀၁၂ အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ၃-၈-၂၀၁၂ တွင် ပေးပို့ခဲ့ပါသည်။

၂။ ပြည်သူ့လွှတ်တော်က ၅-၉-၂၀၁၂ ပြင်ဆင်ချက်များဖြင့် အတည်ပြုသည့် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၁၁-၉-၂၀၁၂ ရက်နေ့မှာ ပြန်လည်ပေးပို့ လာပါသည်။ အထက်ပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၇-၁၁-၂၀၁၂ မှာ ပြုလုပ်တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒသမနေ့တွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမန်းကံညွန့် က ဆွေးနွေးတင်ပြလာပါသည်။

လေ့လာတွေ့ရှိချက်များ

၃။ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးဥပဒေကြမ်းကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့်က ဆွေးနွေးရာတွင် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာစာအဖွဲ့မှ ထုတ်ပြန်သည့် မြန်မာအဘိဓာန်အတွဲ(၄)တွင် လာဘ်ပေးလာဘ်ယူ ဆိုသည့် စကားရပ်ကို တံစိုးပေးခြင်း၊ လက်ခံခြင်း စသော တရားဥပဒေ ဖောက်ဖျက်မှုဟု ဆိုထားပါကြောင်း၊ လာဘ်စားသည် ဆိုသည့် စကားရပ်ကို အဂတိလိုက်၍ ဆောင်ရွက်ပေးရန် တစ်စုံတစ်ဦးထံမှ ငွေကြေး၊ ဥစ္စာပစ္စည်း၊ အခွင့်အရေး စသည့် တစ်စုံတစ်ရာ ရယူလက်ခံခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း၊ လာဘ်ထိုးသည်ကို အဂတိလိုက်၍ ဆောင်ရွက်ပေးရန်အတွက် တစ်စုံတစ်ဦးအား ငွေကြေးပစ္စည်း၊ အခွင့်အရေးစသည့် တစ်စုံတစ်ရာပေးသည်ဟု အဓိပ္ပာယ် ဖွင့်ဆိုထားပါကြောင်း၊ မြန်မာအဘိဓာန်အတွဲ(၅)တွင် အဂတိလိုက်စားခြင်းကို မတရားသဖြင့် မမှန်မကန် ဆုံးဖြတ်ခြင်း၊ ဘက်လိုက်

ခြင်းဟု ဖွင့်ဆိုထားပါကြောင်း၊ အဂတိဆိုသည့် စကားရပ်အား မတရားသဖြင့် မမှန်မကန် အဆုံးအဖြတ်ပေးခြင်း (ဆန္ဒဂတိ၊ ဒေါသဂတိ၊ ဘယာဂတိ၊ မောဟဂတိ) ဟု ဖွင့်ဆိုထားပါကြောင်း၊ လာဘ်ပေးလာဘ်ယူပြုမှုတိုင်းသည် အဂတိတရား လိုက်စားခြင်း ဖြစ်သော်လည်း အဂတိတရား လိုက်စားတိုင်း လာဘ်ပေးလာဘ်ယူ ပြုခြင်းမဟုတ်ကြောင်း၊ မြန်မာစာ မြန်မာမှုတွင် ဆန္ဒဂတိကြောင့် ပြုမူခြင်းသည် ချစ်၍ မတရားပြုခြင်းဖြစ်သောကြောင့် လာဘ်ပေးလာဘ်ယူ ရှိနိုင်ကြောင်း၊ ဒေါသဂတိကြောင့် မုန်း၍ မတရားပြုခြင်းသည် လာဘ်ပေးလာဘ်ယူ ရှိနိုင်သော်လည်း ဘယာဂတိကြောင့် ကြောက်၍ မတရားပြုခြင်းသည် လာဘ်ပေး လာဘ်ယူ မဖြစ်နိုင်တော့ကြောင်း၊ ဖြစ်လျှင်လည်း လာဘ်ပေးခြင်းသာ ဖြစ်နိုင်ကြောင်း၊ မောဟဂတိမှာ မသိ၍ မတရားပြုခြင်းဖြစ် သည့်အတွက် လာဘ်ပေး လာဘ်ယူသည်ဟု မဆိုနိုင်ကြောင်း၊ အဂတိလေးပါး လိုက်စားပြီး မတရားပြုခံရ တိုင်း ဥပဒေနှင့်အရေးယူ၍ မရသည့်ကိစ္စများရှိကြောင်း၊ သို့ပါ၍ မူလဥပဒေ တွင် ပါဝင်သည့် လာဘ်ပေးလာဘ်ယူမှုဆိုသည့် စကားရပ်ကိုသာ ခေါင်းစဉ်မှ စ၍ ဥပဒေကြမ်း တစ်ခုလုံးတွင် ပြန်လည် ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးခဲ့ ပါသည်။

(ခ) ဦးမန်းကံညွန့်၏ တင်ပြချက်များသည် ကျိုးကြောင်းညီညွတ်သည့်အတွက် ဥပဒေကြမ်းကော်မတီက လက်ခံရန်နှင့် အဆိုပါအချက်မှအပ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုသည့် ဥပဒေကြမ်းပါ ဖော်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ဆွေးနွေးမည့် ကိုယ်စားလှယ်မရှိပါသဖြင့် ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်များကို လက်ခံရန် သဘောတူညီခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ သို့ပါ၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသား လွှတ်တော် သို့ ပြန်လည်ပေးပို့လာသော လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေကြမ်း အပေါ် လွှတ်တော် ကိုယ်စားလှယ်၏ တင်ပြချက်များသည် ကျိုးကြောင်းညီညွတ်မှု ရှိသည့်အတွက် ပြည်ထောင်စု လွှတ်တော်သို့ တင်ပြပြီး အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်တွင်ပါရှိသည့် အဂတိလိုက်စားမှုဆိုသော စကားရပ်အစား မူလဥပဒေတွင် ပါဝင်သည့် လာဘ်ပေးလာဘ်ယူမှုဆိုသည့် စကားရပ်ကို ခေါင်းစဉ်မှစ၍ ဥပဒေကြမ်း တစ်ခုလုံးတွင် ပြန်လည်ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် လာဘ်ပေးလာဘ်ယူမှု ဟူသော စကားရပ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိရန် သဘောတူ/မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းခြင်း

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄(က)အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအား လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ အခုပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ အတည်ပြုပြီး ပြန်လည်

ပေးပို့လာတဲ့ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးဥပဒေကြမ်းအပေါ် အချို့အချက်အလက်များ တွေက အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့က သဘောထားကွဲလွဲချက် ရှိတဲ့အတွက်ကြောင့် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးပြီး အဆုံးအဖြတ်ရယူပေးနိုင်ပါရန် ကျွန်တော် အဆို တင်သွင်းအပ်ပါသည်ခင်ဗျား။

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လာဘ်ပေး လာဘ်ယူမှု ပပျောက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်များအား ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းအား အမျိုးသား လွှတ်တော်သို့ အသိပေး တင်ပြခြင်း

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ပြန်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့ လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာ နည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်များကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၆-၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်း နိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းအား အမျိုးသား လွှတ်တော်သို့ အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေး ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်း ဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော် က ပေးပို့သော ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် ကပေးပို့သော ပြင်ဆင်ချက်များနှင့် ပတ်သက်လို့ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၆-၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးများကို အစိုးရဌာနဆိုင်ရာများ၏ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပြည်သူများအတွက် သတင်းအချက်အလက် စုံစမ်းရေးဌာနများ (Public Information Center)အဖြစ် ထူထောင်ပေးသွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့်၊မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က မြို့နယ် အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို အစိုးရဌာနဆိုင်ရာများ၏ လုပ်ငန်း

များနှင့် စပ်လျဉ်းသည့် ပြည်သူများအတွက် သတင်း အချက်အလက် စုံစမ်းရေးဌာနများ (Public Information Center) အဖြစ် ထူထောင်ပေးသွားရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဒေါက်တာမြတ်ညာဏစိုး အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဒေါက်တာမြတ်ညာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ ဒုတိယဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါရစေခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ထားတာ ရှိပါတယ်။ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ပီပြင်စွာပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်သွားကြဖို့ဆိုပြီးတော့ လမ်းညွှန်ထားတာရှိပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီလိုလမ်းညွှန်ချက်နဲ့အညီ ဆောင်ရွက်နေတဲ့အခါမှာ အစိုးရဌာနဆိုင်ရာများရဲ့ လုပ်ငန်းဆောင်ရွက်မှုများဟာလည်း တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ပွင့်လင်းမြင်သာမှု ရှိဖို့ဟာ အင်မတန်မှ အရေးကြီးလှပါတယ်ခင်ဗျား။ ပြည်သူ့ဝန်ထမ်းတွေဆိုတာ ပြည်သူ့ဝန်ကို ထမ်းရတဲ့ ပြည်သူ့ရဲ့ ဘဏ္ဍာငွေကို ရယူပြီးတော့ သုံးစွဲနေတဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့အကျိုးစီးပွားကို ဆောင်ရွက်ပေးရတဲ့ ပြည်သူ့ဝန်ဆောင် ပုဂ္ဂိုလ်များ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

အချုပ်အခြာအာဏာဟာ ပြည်သူ့ထံကနေပြီးတော့ ဆင်းသက်လာတာနဲ့ အားလျော်စွာ ပြည်သူ့ကိုယ်စားလှယ်များကနေပြီးတော့ နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက အစိုးရအဖွဲ့များကိုလည်း တင်မြှောက်ထားပြီးတော့ လုပ်ငန်းဆောင်တာတွေ ဆောင်ရွက်နေပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်း အဖွဲ့အစည်းအဆင့်ဆင့်ဟာ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းဆိုတဲ့ လုပ်ငန်းနှစ်ရပ်ကို ဆောင်ရွက်ဖို့ရန် တာဝန်ရှိပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို ပြည်သူ့ဝန်ထမ်းတွေနဲ့ ဖွဲ့စည်းထားတဲ့ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပြည်သူတွေဟာ ချိတ်ဆက်ဆောင်ရွက်ကြတဲ့အခါမှာ လိုအပ်တဲ့ စာရွက်စာတမ်းတွေ ဘာတွေလိုအပ်မလဲ၊ အချက်အလက်တွေ ဘာတွေလိုအပ်မလဲ ဆိုတာတွေ သိရှိဖို့ လိုပါတယ်။

နောက်ပြီးတဲ့အခါကျတော့ ဌာနတွေမှာ ဆောင်ရွက်ရတဲ့အခါမှာ လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေ ဒါတွေကို သိရှိ နားလည်ထားမှလည်း မိမိတို့ရဲ့ ဆောင်ရွက်လိုတဲ့ ကိစ္စတွေကို ဘယ်လိုဆောင်ရွက်နိုင်မှာလဲဆိုတဲ့ အနေအထားကို သိရှိမှာပါ။ နောက်ပြီးတဲ့ အခါကျတော့ လုပ်ငန်းဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ် (Process)ကိုလည်း သိဖို့လိုပါတယ်။ ဒါမှ ပြည်သူတွေက တစ်ခုခုကို တင်ပြထားပြီးရင် ဟာ ဒါ အချိန်ကြန့်ကြာနေတယ်။ ဟာ ဒါ တမင်ဆွဲထားတာလား။ ဒီလိုမဟုတ်ပါဘူး။ တစ်ချို့ဖြစ်စဉ်တွေမှာ အချိန်ယူပြီးတော့ ဆောင်ရွက်ရတာတွေ ရှိပါတယ်။ ဒါတွေကိုလည်း ပြည်သူတွေက ရှင်းလင်းစွာ နားလည်နိုင်ဖို့အတွက် သတင်းအချက်အလက်တွေကို စုဆောင်းပေးထားတဲ့ သတင်းစုံစမ်းရေးဌာနတွေရှိဖို့ အင်မတန်မှ လိုအပ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါမှ ဌာနဆိုင်ရာတွေရဲ့ လုပ်ငန်းလည်ပတ်မှု အခြေအနေတွေကို ပြည်သူတွေဟာ နားလည်သဘောပေါက်မယ်။ နောက် လုပ်ငန်းအခက်အခဲတွေနဲ့ ပတ်သက်ပြီးတော့လည်း ပြည်သူတွေဟာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။

ပြည်သူတွေကနေပြီးတော့ မိမိတို့ ထိတွေ့ဆက်ဆံနေရတဲ့ အစိုးရဌာနတွေရဲ့ သတင်းအချက်အလက် အခြေအနေတွေကို နားလည်ခဲ့မယ်ဆိုရင် ဒီဌာနဆိုင်ရာ အဖွဲ့အစည်းတွေအပေါ်မှာ ယုံကြည်ကိုးစားမှုလည်း ပိုပြီးတော့ မြင့်မားလာမှာဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမဲ့ ဒီလို သတင်းအချက်အလက်တွေကို စုံစမ်းဖို့ ဆိုတဲ့နေရာမှာ ပြည်သူတွေနဲ့ တိုက်ရိုက်ထိတွေ့နေရတဲ့ ဌာနတွေ အများကြီး ရှိပါတယ်။ အဲဒီတော့ ဒီလိုဌာန ပေါင်းများစွာက သတင်းအချက်အလက်တွေကို တစ်နေရာတည်းမှာ တာဝန်ယူပြီးတော့ စုစည်းပေးထားနိုင်မယ်ဆိုရင် ဌာနများစွာကို သွားပြီးတော့ သတင်းစုံစမ်းနေစရာ မလိုတော့ဘဲနဲ့ လွယ်ကူလျင်မြန်စွာနဲ့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဌာနများစွာဆိုတဲ့နေရာမှာ ဌာနအားလုံးကို မဆောင်ရွက်နိုင်ရင်တောင် ပြည်သူတွေနဲ့ တိုက်ရိုက်ဆောင်ရွက်နေရတဲ့ လုပ်ငန်းဌာနတွေ ဥပမာ - လူဝင်မှုကြီးကြပ်ရေးဌာန၊ မှတ်ပုံတင်လုပ်ဖို့ ဘာလိုမလဲ၊ စည်ပင်သာယာရေးဌာန၊ ဘာတွေ လိုအပ်မလဲ၊ အခွန်ဆောင်ဖို့အတွက် ဘာတွေလိုမလဲ၊ နိုင်ငံကူးလက်မှတ်လျှောက်ထားရေး၊ နောက် ပြည်သူတွေ Information အသိချင်ဆုံးဖြစ်တဲ့ လျှပ်စစ်၊ နောက် ဆက်သွယ်ရေး နဲ့ သတင်းနည်းပညာ ဒီအစရှိတဲ့ လုပ်ငန်းဌာနတွေရဲ့ Information တွေကို တစ်နေရာမှာ စုစည်းပေးထားနိုင်မယ်ဆိုရင် ပြည်သူတွေက အင်မတန်မှ ဝမ်းမြောက်ဝမ်းသာနဲ့ကို ကြိုဆိုမှာ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ယနေ့အခါမှာ ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ ပုဂ္ဂလိက အချို့ကတောင်မှ လုပ်ငန်းအချို့ကတောင်မှ Call Centre တွေ ထူထောင်ဖွင့်လှစ်ပြီးတော့ အခကြေးငွေ ရယူပြီးတော့ ဆောင်ရွက်နေတာ ရှိပါတယ်။ ဒီလို ပုဂ္ဂလိကဌာနတွေကတောင် ဆောင်ရွက်နေတယ်ဆိုရင် ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်မှာ ဖွဲ့စည်းတည်ရှိတဲ့ ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနအနေနဲ့ ဌာနရဲ့ ဦးတည်ချက်များနဲ့လည်း ကိုက်ညီစွာ အစိုးရရဲ့ တာဝန်ခံ ပြန်ကြားရေးဌာနအဖြစ် ဆောင်ရွက်ရန်လိုအပ်လာတဲ့ အချိန်အခါ ကို ရောက်ရှိလာပါပြီ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြောင်းလဲလာတဲ့ ခေတ်နဲ့လျော်ညီစွာ ပြန်ကြားရေး ဝန်ကြီးဌာနအနေနဲ့ Public Service Media ပြည်သူ့သတင်းမီဒီယာ လုပ်ငန်းအဖြစ် အရှိန်အဟုန်နဲ့ ပြောင်းလဲနေတာကိုလည်း အားရစရာ တွေ့မြင်နေရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို အသွင်ပြောင်းဆောင်ရွက်နေတဲ့အချိန်မှာ ကျွန်တော်တို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွေက ပြည်သူ့သတင်းစုံစမ်းရေးဌာနများအဖြစ် တာဝန်ယူဆောင်ရွက်ပေးနိုင်မယ်ဆိုရင် ပြည်သူတွေ အတွက် အင်မတန်မှ အကျိုးရှိမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခက်အခဲကတော့ ရှိနိုင်ပါတယ်။ ကျွန်တော်တို့ လက်ရှိဌာနရဲ့ ဖွဲ့စည်းပုံအရဆိုရင် ကျွန်တော်တို့ လေ့လာသိရှိရသလောက် မြို့နယ်တွေမှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းဖွဲ့စည်းပုံက (၈)ဦးပဲရှိပါတယ်။ ဒါတောင်မှလက်ရှိ ကန့်သတ်ခွင့်ပြုအင်အားနဲ့ဆို(၆)ဦးပဲ ခန့်ထားပြီးတော့ ဒုတိယဦးစီးမှူးတစ်ဦးကပဲ ဦးဆောင်ပြီးတော့ တာဝန်ယူဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ ဒါကတော့ လူဦးရေ အကန့်အသတ်၊ ဝန်ထမ်း Human Resource အခက်အခဲ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဘတ်ဂျက်အရ လည်း ဒါတွေဟာ တိုးမြှင့်ပြီးတော့ ဆောင်ရွက်ရမယ့် အနေအထားတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ တင်ပြလိုတာက ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်အချိန်မှာ ချက်ချင်းလက်ငင်း အကောင်အထည်ဖော်ရမယ်ဆိုတဲ့ Time Frame ကို ကန့်သတ်ပြီးတော့ တင်ပြလိုခြင်း မဟုတ်ပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ဆိုတာ ပြည်ထောင်စုအစိုးရကို မူသဘောအရသာ တိုက်တွန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဒီလိုမျိုး မူချမှတ်ပြီးတော့ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် မကြာမတင်တဲ့ အချိန် ကာလတစ်ခုမှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးတွေမှာ ကျွန်တော်တို့ သတင်းစုံစမ်းမယ်ဆိုရင် ဒီမြို့နယ်မှာရှိနေတဲ့ လယ်ယာစိုက်ပျိုးရေးအတွက် ဓာတ်မြေသြဇာတွေ ဘယ်အချိန် ထုတ်ပေးမယ်၊ စိုက်စရိတ်ချေးငွေတွေ ဘယ်လို ချပေးမယ်။

ကျွန်တော်တို့ ဒီမှာ မှတ်ပုံတင် ပျောက်/ပျက် ဆိုရင် ဘယ်လိုဆောင်ရွက်ရမယ်။ ထောက်ခံချက်၊ ထောက်ခံချက်တွေဟာ ဘယ်ဟာတွေတော့ လိုတယ်၊ ဘယ်ဟာတွေတော့ မလိုဘူး။ ကျွန်တော်တို့က အခုက ဌာနဆိုင်ရာတစ်ခုခုကို လုပ်ငန်းဆောင်ရွက်ရတော့မယ်ဆိုရင် လိုသော်ရှိ၊ မလိုသော်ရှိ အကုန်လုံး ကျွန်တော်တို့ စာရွက်စာတမ်းတွေ မိတ္တူကူးရ၊ ပြုရ တော်တော်လေး အခက်အခဲတွေ ရှိပါတယ်။ အဲဒီတော့ ဒါတွေကို ကျစ်ကျစ်လစ်လစ်နဲ့ ဆောင်ရွက်နိုင်မယ်။ နောက်တစ်ခါ အစိုးရအပေါ်မှာလည်း ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုကို ပိုရမယ်။ ပြည်သူ့ဝန်ထမ်းတွေရဲ့ ဘဝကိုလည်း ပိုပြီးတော့ စာနာနားလည်နိုင်မှာ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လက်ရှိအနေအထားမှာ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးတွေက ဒါကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဆိုရင် စပြီးတော့ ဆောင်ရွက်ပေးစေလိုပါတယ်။

ပြီးရင် တစ်ခါ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အစရှိသဖြင့် အဆင့်ဆင့်ဆောင်ရွက်ပေး သွားမယ်ဆိုရင် ပြည်သူလူထုနဲ့ ပြည်သူ့ဝန်ထမ်းတွေရဲ့ ကြားထဲမှာ ပေါင်းကူးဆက်သွယ်ပေးမယ့် ပြည်သူတွေကို သတင်းဖြန့်ချိပေးမယ့် ဌာနတစ်ခုအနေနဲ့ အင်မတန်မှ အကျိုးရှိစွာ ဆောင်ရွက် နိုင်မှာ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဟာက ကျွန်တော်တို့ ခေတ်စနစ်တွေ ပြောင်းလာတဲ့ အချိန်မှာ Propaganda လို့ ခေါ်တဲ့ ဝါဒဖြန့်ချိရေးလုပ်ငန်းကို ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်နေခြင်း မရှိတော့ပါဘူး။ အခု ခေတ်စနစ်နဲ့အညီ အသွင်ပြောင်းပြီးတော့ Public Service Media စစ်စစ်ဖြစ်အောင် ဆောင်ရွက်နေတာကိုလည်း အင်မတန်မှ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်ဆိုတာကိုလည်း ဒီနေရာကနေ တင်ပြလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

နိဂုံးချုပ်အားဖြင့် တင်ပြရရင် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက် အတိုင်း သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရန်၊ ပြည်သူ များက ကိုးစားယုံကြည်သော ပြည်သူ့ဝန်ထမ်းလုပ်ငန်းဌာနများ ဖြစ်ပေါ်လာစေရန်၊ ပြည်သူ့ အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများမှာ သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစွာ ထုတ်ပြန်ပေးနိုင်ရန်လည်းကောင်း၊ ဌာနဆိုင်ရာအလိုက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်သူများ လွယ်လင့်တကူ သိရှိနားလည် ပူးပေါင်းဆောင်ရွက်နိုင် စေရန်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ Public Service Media အဖြစ် အသွင် ပြောင်းလဲမှုကို အထောက်အကူဖြစ်စေရန်လည်းကောင်း၊ ပြည်သူများ၊ ဌာနဆိုင်ရာများနဲ့

ဆက်သွယ်ဆောင်ရွက်ရာမှာ သတင်းအချက်အလက်များ လွယ်ကူလျင်မြန်စွာ ရရှိစေရန်အတွက်လည်းကောင်း၊ မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေး ရုံးများကို အစိုးရဌာနဆိုင်ရာများ၏ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ပြည်သူများအတွက် သတင်းအချက်အလက်စုံစမ်းရေးဌာနများ (Public Information Center) များအဖြစ် ထူထောင်ပေးသွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို အများပြည်သူ အကျိုးငှာ အပြုသဘောဖြင့် လွှတ်တော်သို့ လေးစားစွာ တင်သွင်းအပ်ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ်ရှိပါက ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းတဲ့ မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို အစိုးရဌာနဆိုင်ရာများ၏ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပြည်သူများအတွက် သတင်းအချက်အလက် စုံစမ်းရေးဌာနများ (Public Information Center) များအဖြစ် ထူထောင်ပေးသွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးမင်းဦး က လေးနက်စွာ ထောက်ခံအပ်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို အစိုးရဌာနဆိုင်ရာများ၏ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပြည်သူများအတွက် သတင်းအချက် အလက် စုံစမ်းရေးဌာနများ (Public Information Center) အဖြစ် ထူထောင်ပေးသွားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းတဲ့ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိတဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ် (၃)အရ မတ်တပ်ရပ်၍ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

ဒီလို ဆန္ဒရယူရမှာ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ယခု မိမိတို့ နေရာများမှာ မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

အားလုံး ထိုင်နိုင်ပါပြီ။

မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေဟာ(၄၀)ဦးနဲ့အထက် ရှိတဲ့ အတွက် ဒေါက်တာမြတ်ဉာဏစိုး ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမြတ်ဉာဏစိုး ရဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

## ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ ဝေးလံခေါင်းပါး၍ လူမှုရေး ခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့်၊မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း က ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် နဲ့ စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးပေါလ်ထန်ထိုင်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ထန်တလန် မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေး ပါရန် ပြည်ထောင်စု အစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာ နိုင်ငံအတွင်းရှိ ပြည်နယ်နဲ့ တိုင်းဒေသကြီးများ၏ ပထဝီအနေအထား မတူညီကြပါသဖြင့် လူမှုဖွံ့ဖြိုးရေးနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေး လုပ်ကိုင် ဆောင်ရွက်မှုများလည်း မတူညီကြပါ။ ဒေသတစ်ခုနဲ့တစ်ခု ဖွံ့ဖြိုးတိုးတက်မှုများလည်း ကွာဟမှု များပြားပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လွယ်ကူသော ဒေသများမှာ ဖွံ့ဖြိုး တိုးတက်မှု ပိုမိုများပြားသလို ယင်းဒေသရှိ လူဦးရေလည်း ပို၍များပြားပါသည်။ လမ်းပန်း

ဆက်သွယ်ရေးခက်ခဲ၍ ဖွံ့ဖြိုးမှုနည်းသော ဒေသမှာ ဆက်စပ်ရာမှာခက်ခဲသကဲ့သို့ လူဦးရေကလည်း နည်းပါးပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရက ဤကဲ့သို့ ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသော ဒေသများကို ပြည်နယ်နဲ့ တိုင်းဒေသကြီးရှိ မြို့နယ်များ အရေအတွက်ကို အောက်ပါအတိုင်း သတ်မှတ်ထားပါတယ်။ ကချင်ပြည်နယ်မှာ (၁၅)မြို့နယ်၊ ကယားပြည်နယ်မှာ (၅)မြို့နယ်၊ ကရင်ပြည်နယ်မှာ (၁၀)မြို့နယ်၊ ချင်းပြည်နယ်မှာ (၁၂)မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ (၁၁)မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးမှာ (၂)မြို့နယ်၊ ရခိုင်ပြည်နယ်မှာ (၂)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှာ (၁)မြို့နယ်၊ ရှမ်းပြည်နယ်မှာ (၂၉)မြို့နယ် အားလုံးပေါင်း (၈၇)မြို့နယ် ဖြစ်ပါတယ်။ လူမှုရေး ခက်ခဲသောဒေသရှိ စာသင်ကျောင်းနှင့် ဆေးရုံများတွင် ဆရာ/ဆရာမများ၊ ဆရာဝန်များ၊ ဝန်ထမ်းများ ရရှိရေးမှာ အမြဲတမ်းအခက်အခဲရှိပါတယ်။ ယခုအခါ ၎င်းအခက်အခဲများကို အစိုးရက ဖြေရှင်း ပေးသောအားဖြင့် ယင်းဒေသရှိ ဝန်ထမ်းများ လစာနှစ်ဆ ခံစားစေခြင်း၊ ၂၀၁၂ ခုနှစ်၊ ဆေးတက္ကသိုလ်ကျောင်းသား(၁၂၀၀) လက်ခံတဲ့နေရာတွင် (၃)ရာခိုင်နှုန်းကို လူမှုရေးခက်ခဲသောဒေသမှ တက္ကသိုလ်ဝင်တန်းအောင် အမှတ်အများဆုံးရ ဒေသခံကျောင်းသားများအတွက် လျာထားပေးသည်ကိုလည်း တွေ့ရပါတယ်။ ဤကဲ့သို့ ဆောင်ရွက်ပေးခြင်းအားဖြင့် ဝေးလံခေါင်းပါးတဲ့ ဒေသရှိ ဝန်ထမ်းများ၏ အခက်အခဲနှင့် ဆေးရုံများတွင် ဆရာဝန်များ ခက်ခဲခြင်းကို ဖြေရှင်းပေးနိုင်ရေးအတွက် အခြား ဒေသများထက် လျှော့ပေါ့စဉ်းစားပေးသည်ကို တွေ့ရပါတယ်။

ဤကဲ့သို့ လူမှုရေးခက်ခဲသော ဒေသများတွင် စာသင်ကျောင်းများ၊ ကျန်းမာရေးဌာနနှင့် ဌာနခွဲများ၊ ဆေးရုံများ အသစ်ဖွင့်လှစ်ခြင်းနဲ့ အဆင့်တိုးမြှင့်ခြင်းတို့ ဆောင်ရွက်တဲ့အခါ လူဦးရေနည်းပါးခြင်း၊ သတ်မှတ်ဦးရေ မပြည့်မီခြင်းတို့ကို ခွင့်လွှတ်ပြီး ယင်းဒေသအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် လျှော့ပေါ့စဉ်းစားပြီး ဆောင်ရွက်ပေးမှသာ ယင်းဒေသများမှာလည်း တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မယ် ဖြစ်ပါသည်။ စာသင်ကျောင်းများ၊ ကျန်းမာရေးဌာနများမှာ ဝန်ထမ်း အလုံအလောက် ခန့်ထားနိုင်ရေးအတွက် ပညာတတ်ဒေသခံ လူငယ်များမွေးထုတ်ပေးနိုင်မှသာ ဒေသအတွင်း အလုပ်လုပ်ရာမှာ အောင်မြင်မှု ရှိနိုင်မှာဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် ကြီးများထဲမှာလည်း အခု ကျွန်တော် ပြောနေတဲ့ ဒေသများကို ရောက်ဖူးတဲ့၊ တာဝန်ထမ်းဆောင် ဖူးတဲ့ အဲဒီဒေသအကြောင်း သိတဲ့သူ ရှိနိုင်ပါတယ်။

အထူးသဖြင့် တပ်မတော်သား ကိုယ်စားလှယ်များကတော့ ၎င်းဒေသမှာ ရောက်ဖူးတဲ့၊ တာဝန် ထမ်းဆောင်ဖူးတဲ့ အဲဒီဒေသအကြောင်း သိတဲ့သူ ရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောနဲ့မြို့၊ တောင်တန်းဒေသနဲ့ မြေပြန့်ဒေသအား ဒေသအားလုံး တစ်ပြေးညီ တန်းတူထားပါဆိုတာ လက်တွေ့ မဖြစ်နိုင်ပါ။ သို့သော်လည်း ကွာဟမှုကို နည်းနိုင်သမျှ နည်းအောင် စေတနာရှိရှိ ဆောင်ရွက်ပေးရန်သာ ဖြစ်ပါသည်။ လူမှုရေးခက်ခဲသော ဝေးလံခေါင်းပါးဒေသနှင့် မြေပြန့်ဒေသသည် ပထဝီအနေအထား၊ လမ်းပန်းဆက်သွယ်ရေး၊ ရာသီဥတု၊ အစားအသောက်၊ ယဉ်ကျေးမှု မတူညီတာ အများကြီးရှိပါတယ်။ ဒါကြောင့် မြေပြန့်ဒေသကလာတဲ့ ဆရာ/ဆရာမများ၊ ကျန်းမာရေး ဌာနဝန်ထမ်းများ ၎င်းဒေသတွင် မနေနိုင်ခြင်းသည် သူတို့အပြစ်သာ ဖြစ်သည်ဟု မယူဆသင့်ပါ။ အမှန်ဆိုလျှင် ၎င်းဒေသတွင် တာဝန်ထမ်းဆောင်နိုင်မည့် ဒေသခံများ မွေးထုတ် ရန်သာ လိုပါသည်။ မွေးထုတ်နိုင်ရန် နည်းလမ်းပေးရာ၌ အခြေအနေ ဖန်တီးပြုလုပ်ပေးရန်သာ ဖြစ်ပါသည်။ ဥပမာ ဒေသခံများ အတွက် ပညာရေးကောလိပ်၊ သားဖွားနဲ့ သူနာပြုသင်တန်း ကျောင်းများ ဖွဲ့စည်းပေးရန်၊ သို့ဖြစ်ပါသဖြင့် ဝေးလံခေါင်းပါးပြီး လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆို တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ် ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဦးတင်ရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း ရဲ့ ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများရဲ့ ပညာရေးနဲ့ ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် လျှော့ပေါ့၍ အထူး အစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ဦးတင်ရှိန် တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးပေါလ်ထန်ထိုင်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ဝေးလံခေါင်းပါး၍ လူမှုရေး ခက်ခဲသော ဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတာလား။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ အဆိုရဲ့ မြန်မာစာအရေးအသားဟာ ဒေသများထက် လျှော့ပေါ့၍ ဆိုတဲ့အတွက် ကျွန်တော်တို့ နားမလည် ဖြစ်ရပါတယ်။ ဒါကြောင့် မြန်မာစာအရေးအသား ပြုပြင်သင့်တယ်လို့ ထင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှော့ပေါ့၍ ဆိုတာက Creater တွေ သတ်မှတ်ထားတာကို လျှော့ပြီးတော့ လက်ခံပေးပါလို့ ရှင်းပေးသွားတယ်။ ဒါ ဆွေးနွေးတဲ့အချိန်မှာ ပေါ်လာပါ လိမ့်မယ်။ မြန်မာစာပါမောက္ခအသစ်တစ်ယောက် အခုမှ ပေါ်လာတယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးပေါလ်ထန်ထိုင်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁:၅၉။**

**ဥက္ကဋ္ဌ။** ။ ဦးပေါလ်ထန်ထိုင်း တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒုတိယနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် တတိယအစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပမယ့် နေ့ရက်နဲ့အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစည်းအဝေးကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]